FDB
Forum for Democracy in Burma

# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု

eBulletin

၃၀ ဩဂုတ်လ ၂၀၀၇ | သတင်းလွှာ | အမှတ် ၃၃/၂၀၀၇



"မိမိတို့ရဲ့ လိုအပ်နေတဲ့ အခွင့်အရေးတွေကို ကျမတို့ ဘယ်နိုင်ငံကိုမှ တောင်းဆိုလို့ ရမှာ မဟုတ် ပါဘူး။ ဘယ်သူ့ကိုမှလည်း မျှော်ကိုးနေလို့ရမှာ မဟုတ်ပါဘူး။ မိမိတို့ ဆုံးရှုံးနေတဲ့ အခွင့်အရေး၊ မိမိတို့ရဲ့ ရပိုင်ခွင့်တွေအတွက် ကိုယ်တိုင်တောင်းဆိုမှ ရမှာပါ။ အဲဒီအတွက် ပြည်သူအားလုံးက ကျမတို့နဲ့အတူ ပူးပေါင်းဆောင်ရွက်ကြပါ။ ကျမတို့ မျိုးဆက်ခေါင်းဆောင်တွေ အဖမ်းခံထားရပေမဲ့ ကျမတို့ ကျန်ရှိနေတဲ့ကျောင်းသားတွေက ဒီနေ့ ဒီအချိန်မှာ ပြည်သူ့ရှေ့မှာ မားမားမတ်မတ် ရပ်တည်ပြီးတော့ ကျမတို့ နောက်ဆုံးဖမ်းသွားပြီး ထောင်ထဲဝင်သွားသည်အထိ၊ ကျမတို့ အသက်သေသွားသည်အထိ ပြည်သူတွေရဲ့ ဆုံးရှုံးနေတဲ့ အခွင့်အရေးတွေ မတရားခံနေရတာတွေ အားလုံးကို ကျမတို့ ပြည်သူ့ရှေ့ကနေ ရဲရဲဝံ့ဝံ့ ရပ်တည်ပြီးတော့ ငြိမ်းချမ်းစွာနဲ့ ဆန္ဒပြသွားမှာ ဖြစ်ပါတယ်။ ဘယ်တော့မှ ကျမတို့ နောက်မဆုတ်ပါဘူး။ ကျမတို့ကို ဘယ်လောက်ပဲ ဖိနှိပ်ပါစေ၊ ဘယ်လောက်ပဲ ဖမ်းဆီးပါစေ၊ ဘယ်လောက်ပဲ ရိုက်နှက်ပါစေ၊ ဘယ်လိုမျိုး ကျမတို့ကို ဒုက္ခပေးပါစေ၊ ကျမတို့ အသက်သေသွားသည်အထိ ကျမတို့ နိုင်ငံ၊ ကျမတို့ တိုင်းပြည်နဲ့ လူမျိုးကောင်းစားဖို့အတွက် ကျမတို့ ဒီနေ့ ဒီအချိန်မှာ ပြည်သူလူထုရှေ့မှာ မားမားမတ်မတ် ရပ်တည်နေပါတယ်။"

၈၈ မျိုးဆက်ကျောင်းသူတွေ အပါအဝင် ချီတက်လမ်းလျှောက် ဆန္ဒပြသူများကို ၈၈ မျိုးဆက်ကျောင်းသူ မမီးမီး ပြောကြားသောမိန့်ခွန်းမှ (၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်) (VOA)

**ဒီနေ့ပြည်သူတွေရဲ့ စား၊ ဝတ်၊ နေရေး ဘဝတောင်းဆို**
**တိုက်ပွဲဝင်မှုတွေဟာ**
**တနေ့တခြားကြီးမားကျယ်ပြန့်လာပြီး**
**စစ်အာဏာရှင်စနစ်ကို ဓိဝိန်ချုပ်ဖို့ တိုက်ပွဲခေါ်သံပေးနေပြီ။**

"အမှာစကား"

(စာမျက်နှာ ၂)

**ယနေ့မြန်မာနိုင်ငံ**
**ကြုံတွေ့နေရသော ပြဿနာက**
**ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြဿနာ**
**(Constitutional Crisis) မဟုတ်ပါဘူး။**

"ခွန်မြင့်ထွန်းနှင့်အဖွဲ့အား FDB ခေါင်းဆောင်များတွေ့ဆုံ"

(စာမျက်နှာ ၅)

**ဒကာ ဒကာမတွေရဲ့ အရေးဟာ**
**သံဃာတော်တွေရဲ့ အရေး**
**ဖြစ်ပါတယ်။**

"ပြည်တွင်းလှုပ်ရှားမှုနဲ့ပတ်သက်ပြီး အမြင်သဘောထားများ"

(စာမျက်နှာ ၆)

လူထုနဲ့ပတ်သက်လာရင်
ကိုယ်က သူ့ဆီကို သွားရတာဟာ
အခြေခံတရားဖြစ်တယ်ဆိုတာ
မမေ့သင့်ဘူး။

**"ပြည်သူလူထုဟာ သစ္စာမဖောက်ဘူး"**

(စာမျက်နှာ ၉)

**ဆန္ဒပြတာ၊ ဆန့်ကျင်တန့်ကွက်တာ၊**
**ထကြွတော်လှန်တာတို့ဆိုတာတွေဟာ**
**ဖိနှိပ်ကြဖိတည်းမှုရဲ့**
**တိုက်ရိုက်အကျိုးဆက်ရလဒ်တွေသာဖြစ်ပါတယ်။**

"ကိုယ်တိုင်တိုက်ပွဲဝင်"

(စာမျက်နှာ ၁၁)

မနက်မိုးလင်းတော့
မနီလာသိန်းက (၅)လသားအရွယ်
မွေးကင်းစ သမီးငယ်ကို တချက်၊ နှစ်ချက်လောက်တော့
နမ်းကောင်းနမ်းခဲ့လိမ့်မယ်။

**"အရိုင်းနဲ့ အယဉ်"**

(စာမျက်နှာ ၁၃)

# အမှာစကား

ယနေ့ကာလ ပြည်တွင်းနိုင်ငံရေးအခြေအနေဟာ စစ်အုပ်စုအတွက်ရော ဒီမိုကရေစီအင်အားစုတွေအတွက်ပါ အရေးကြီးတဲ့ အချိုးအကွေ့ကို ရောက်နေပါပြီ။ ၈၈ အကြို မဆလတစ်ပါတီ အာဏာရှင်စနစ်ကို ဖြုတ်ချခဲ့သလိုမျိုး ဒီနေ့ ပြည်သူတွေရဲ့ စား၊ ဝတ်၊ နေရေး ဘဝတောင်းဆို တိုက်ပွဲဝင်မှုတွေဟာ တနေ့တခြားကြီးမားကျယ်ပြန့်လာပြီး စစ်အာဏာရှင်စနစ်ကို ဖိုဝိနိချုပ်ဖို့ တိုက်ပွဲခေါ်သံပေးနေပါပြီ။

၅၈ ခုနှစ်ကစပြီး ယနေ့တိုင်မြန်မာပြည်နိုင်ငံရေးမှာ စစ်အုပ်စုဟာ အာဏာနဲ့ပတ်သက်ရင်၊ နိုင်ငံရေးအင်အားစုတွေ၊ အတိုက်အခံတွေ၊ လက်နက်ကိုင်တော်လှန်ရေးတွေ၊ နိုင်ငံတကာ အခင်းအကျင်းတွေကို ကြီးမားတဲ့အတွေ့အကြုံတွေနဲ့ ရင်ဆိုင်ဖြတ်သန်းခဲ့တာဖြစ်ပါတယ်။ အာဏာအသာစီးရထားတဲ့ စစ်အုပ်စုဟာ သူ့အတွက် အချိန်၊ အာဏာ၊ ခနဉ်စွာတွေ ရှိခဲ့တော့ အတိုက်အခံနိုင်ငံရေးအင်အားစုတွေ၊ တော်လှန်ရေးအဖွဲ့အစည်းတွေ၊ လူမျိုးစုတော်လှန်ရေးအင်အားစုတွေနဲ့ပတ်သက်ရင် ဘယ်မူဝါဒ၊ ဘယ်အဖွဲ့၊ ဘယ်ခေါင်းဆောင်၊ ဘယ်ဒေသ၊ ဘယ်လူထု၊ အင်အားဘယ်လောက်စသဖြင့် ခွဲခြမ်းစိတ်ဖြာနိုင်ခဲ့ပါတယ်။ သူ့အတွက် ပြင်ဆင်တည်ဆောက်မှုတွေလုပ်နိုင်ခဲ့ပါတယ်။ စစ်မြေပြင်မှာ၊ မြေပေါ်တိုက်ပွဲတွေမှာ၊ ထောင်ထဲတွေမှာ၊ စစ်ကြောရေးစခန်းတွေမှာ၊ နယ်ပယ်အသီးသီး(အထူးသဖြင့်–စီးပွားရေး၊ လူမှုရေး၊ စာပေလောက၊ အသင်းအဖွဲ့)တွေမှာလည်း လူတစ်ဦးချင်းစီ၊ တဖွဲ့ချင်းစီတွေကို သူတို့နည်း သူတို့ဟန်နဲ့ ခွဲခြမ်းစိတ်ဖြာထားပါတယ်။ ဒါကြောင့် သူတို့ကို ခြိမ်းခြောက်လာတဲ့ လှုပ်ရှားမှုတိုင်း တိုက်ပွဲတိုင်းကို ကိုင်တွယ်တဲ့နေရာမှာ အနမတန်မှ အတွေ့အကြုံကြီးသလို၊ နည်းပရိယာလ်လည်းကြွယ်ဝပါတယ်၊ အဓိကပစ်မှတ်က ဘာလဲ၊ searching fire လုပ်ရမဲ့ အချိန်က ဘယ်အချိန်လည်း၊ တပ်ဦးကို ဘီလူးအသွင်နဲ့ ဘယ်အချိန်မှာ ဖြိုရမလဲ၊ ဘယ်လိုနှပ်ကြောင်းပေးလိုက်ရင် ဘယ်သူထွက်လာမလဲ ဒါတွေကို တွက်ထားပါတယ်။ ဒီလိုဆိုလို့ ရန်သူကို အထင်ကြီးတာမဟုတ်ပါဘူး၊ သေနင်္ဗျူဟာအရ ရန်သူဟာစက္ကူကျားဖြစ်ပြီး၊ နည်းပရိယာယ်အရ တကယ့်ကျားအဖြစ်ထားရတယ်ဆိုတဲ့စကားလို စဉ်းစားတွေးခေါ်တဲ့နေရာမှာ၊ အမြင်ရပ်တည်ချက်နဲ့ စဉ်းခြားတဲ့နေရာမှာ ပြတ်သားဖို့ဖြစ်ပါတယ်။ ဒီနေ့ကာလ အတိုက်အခံအင်အားစုတွေမှာ ရန်သူနဲ့ပတ်သက်ရင် အတွေးအခေါ် ပြတ်သားမှု၊ ဘုံဦးတည်ချက် လုပ်ငန်းစဉ်တူညီမှုအားနည်းနေသလို၊ လက်တွေ့ကျကျ အကောင်အထည်ဖေါ်မှု၊ နည်းပရိယာယ် ရှုပ်ထွေးမှုတွေရှိနေပါတယ်။ တွန်းမလား၊ ဆွဲမလား၊ တောင်းယူမလား၊ တိုက်ယူမလား၊ ပြည်တွင်းလူထုဖိအားက အဓိကလား၊ ပြည်ပ နိုင်ငံတကာဖိအားက အဓိကလားဆိုတာ ကျနော်တို့ မျိုးဆက်ခေတ်(၈၈) မှာမပြောနဲ့ ၆၂၊ ၇၄ ကာလတွေတုန်းကလည်း ရှုပ်ထွေးခဲ့ပါတယ်။ လူထုကို ဦးဆောင်တဲ့ နိုင်ငံရေးအင်အားစုတွေကြားမှာ ခေါင်းဆောင်မှုပိုင်းမှာ မပြတ်သားရင် လူထုက လိုက်ပါဖို့ခက်ပါတယ်၊ ဒါကို လူထုက ကြောက်နေလို့ မလိုက်ပါဘူးတွက်ရင်တော့ ကိုယ့်နိုင်ငံရေးကို ကိုယ်ကိုယ်တိုင်သတ်တာနဲ့ အတူတူပါပဲ။ လူထုဟာနိုင်ငံရေးသမားတွေမဟုတ်ပါဘူး၊ ဒါပေမဲ့ သူတို့ရဲ့ ဘဝလွတ် မြောက်ရေးတိုက်ပွဲတွေနဲ့ပတ်သက်ရင် ဘယ်တော်လှန်ရေးမှာမှ တွေဝေနောက်ကျခဲ့တာမရှိသလို၊ ရဲရင့်စွာ၊ သူရဲကောင်းပီသစွာပဲ တိုက်ပွဲဝင်ခဲ့ကြတာဖြစ် ပါတယ်။ ကျနော်တို့ မျိုးဆက်ခေတ် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးဟာ ကမ္ဘာကကို အသိအမှတ်ပြုရတဲ့ အရက်စက်အဖောက်ပြန်ဆုံးဖြစ်တဲ့ စစ်အုပ်စုကို တိုက်ပွဲဝင်ခဲ့တဲ့ လူထုတိုက်ပွဲသမိုင်းပဲဖြစ်ပါတယ်။

လူထုကို မစည်းရုံးနိုင်ရင် လူထုအားကိုမယုံရင် ဘယ်လိုနည်းပရိယာယ်တွေပဲသုံးသုံး ရန်သူဟာ အထက်မှာ ကျနော်ပြောသလို သူတို့ အာဏာအသာစီးရမှုနဲ့ အတွေ့အကြုံကြီးမှုအောက်မှာ ကျနော်တို့တွေကို နိုင်ငံရေးသေနင်္ဗျူဟာနဲ့ နည်းပရိယာယ်လုပ်ငန်းစဉ်တွေ တူညီမှု၊ စုစည်းမှုမရအောင် အစွမ်းကုန် ဖိနှိပ်၊ ချုပ်ချယ်၊ သွေးခွဲသပ်သျို့ အပြုတ်တိုက်ချေမှုန်းမယ်ဆိုတာ လက်တွေ့သမိုင်းသင်ခန်းစာပါ။ သေချာတာတစ်ခုကတော့ အုပ်စိုးသူမှန်သမျှဟာ သူတို့အကြောက်ဆုံးက လူထုရဲ့အား၊ လူထုတိုက်ပွဲ၊ လူထုရဲ့နည်းသဏ္ဍာန်ပေါင်းစုံ ပူးပေါင်းပါဝင်မှုတွေပါပဲ၊ သွေးထွက်တဲ့နိုင်ငံရေး၊ သွေးမထွက်တဲ့နိုင်ငံရေး၊ ဥပဒေတွင်း၊ ဥပဒေပ၊ လူထုတိုက်ပွဲ၊ လက်နက်ကိုင်တိုက်ပွဲ၊ အကြမ်းဖက်နည်း၊ အကြမ်းမဖက်တဲ့နည်း၊ သံတမန်ဖိအား၊ နိုင်ငံတကာဖိအား ဘယ်နည်းတွေကိုသုံးသုံး ပြည်တွင်းလူထုမပါပဲ တိုက်ပွဲမပါပဲ တောင်းယူလို့ရတယ်ဆိုတာ ဘယ်နိုင်ငံရေးမှာမှမရှိပါဘူး၊ ၁၉၄၅၊ ၄၆ ကာလ ဗိုလ်ချုပ်အောင်ဆန်းက အင်္ဂလိပ်ဆီက အာဏာကို တောင်းယူတယ်ဆိုတာ ရရင်ရ မရရင်ချဆိုတဲ့ အတွေးအခေါ်အောက်မှာ အင်အားစုတွေအားလုံးကို စုစည်းပြီး၊ ပြင်ဆင်တည်ဆောက်မှုတွေလုပ်ထားသလို၊ မြေပေါ်လူတန်းစားပေါင်းစုံတိုက်ပွဲနဲ့ မြေအောက်လက်နက်ကိုင်တိုက်ပွဲကို ပေါင်းစပ်ထားနိုင်လို့ ပြင်ဆင်ထားနိုင်လို့၊ တိုင်းရင်းသားလူမျိုးစုအသီးသီး၊ နိုင်ငံရေးအင်အားစုအသီးသီးနဲ့ အမျိုးသားသွေးစည်းညီညွတ်ရေးကို တည်ဆောက်ထားနိုင်လို့ အင်္ဂလိပ်က အလျှော့ပေးသွားတာပါ။

အခု ကျနော်တို့ရင်ဆိုင်နေရတဲ့ စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်အာဏာရှင်စနစ်ဟာ ဘာဒီမိုကရေစီမှမရှိတဲ့ ဖက်ဆစ်စရိုက်လက္ခဏာအပြည့်ရှိတဲ့ တသွေးတသံတမိန့်နဲ့သွားနေတဲ့ စစ်ဗျူရိုကရက်အုပ်ချုပ်ရေးယန္တရားအောက်ကပါ။ သူ့ရဲ့ ဒေါက်တိုင်တွေ၊ ယန္တရားတွေကို ချိနဲ့အောင် မဖြိုဖျက်နိုင်သ၍ အင်အားချိနဲ့ဖို့ မလွယ်ပါဘူး၊ ယူဂိုနည်းဆိုတာ ဒီမိုကရေစီမရှိတဲ့ ဖက်ဆစ်စနစ်အောက်မှာပဲ ရှိပါတယ်၊ စစ်အုပ်စုက ဘုံရန်သူအဖြစ် သက်မှတ်ချေမှုန်းကြလို့ ကြွေးကြော်နေချိန်၊ အချိန်တိုင်း နေရာတိုင်းမှာ မပြတ်စောင့်ကြည့်ပြီး ဖြိုခွဲနေချိန်၊ ပြည်သူကြားမှာ အင်အားစုတွေကြားမှာ ဒသျှိ ဒလန်တွေသုံးပြီး ဖြိုခွဲနေချိန်၊ ဖဆပလခေတ် ဂျပန်တော်လှန်ရေးတုန်းကလို ရန်သူရဲ့ ဒေါက်တိုင်တွေမှာ ကိုယ့်လူတွေရှိအောင် မြှုပ်နှံတည်ဆောက်ထားရမယ်၊ စည်းရုံးထားရပါမယ်။ အခြေအနေနဲ့ အခွင့်အခါကောင်းကိုစောင့်ပြီး အကျိုးအမြတ်၊ အကန့်အသတ်ရှိတဲ့ တိုက်ပွဲတွေကို မပြတ်ဆင်နွှဲနေရပါမယ်။ ဒီနေ့ကာလ လူထုတွေရဲ့ အဆိုးဆုံးရင်ဆိုင်ကြုံတွေ့နေရတဲ့ စား၊ ဝတ်၊ နေရေးဆိုတဲ့ လူမှုဘဝလွတ်မြောက်ရေးတိုက်ပွဲနဲ့ ဒီမိုကရေစီရေးနဲ့ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတိုက်ပွဲ ပင်မရေစီးကြောင်းကြီးဟာ တဆက်တစပ်တည်းဖြစ်ပါတယ်။ ဒီမိုကရေစီ အင်အားစုတိုင်းဟာ လူထုလူတန်းစားအလွှာအသီးသီးကို၊ ရန်သူရဲ့ အုပ်ချုပ်ရေး ဖိနှိပ်ရေးယန္တရားထဲက အင်အားစုတွေကို မပြတ်စည်းရုံးလှုံ့ဆော် တိုက်ပွဲဝင်နေရမှာဖြစ်သလို၊ ကိုယ့်အဖွဲ့အစည်းအတွင်း၊ မဟာမိတ်အင်အားစုများအတွင်း စည်းလုံးညီညွတ်တဲ့ ခိုင်မာတောင့်တင်းတဲ့ အင်အားတစ်ရပ်ကို တည်ဆောက်ပြီး နေရာပေါင်းစုံ၊ အလွှာပေါင်းစုံ၊ လူမျိုးပေါင်းစုံက တိုက်ပွဲဝင်ကြရမှာ ဖြစ်ပါတယ်။

■ ■ ■ ■

# အက်ဖ်ဒီဘီ အဖွဲ့ဝင်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုသတင်းများ

## ရှစ်လေးလုံး ဒီမိုကရေစီလူထုအရေးတော်ပုံကြီး (၁၉)နှစ်မြောက် အခမ်းအနားကျင်းပ



ထိုင်း–မြန်မာနယ်စပ်နေရာရှိ ပြည်ထောင်စု အမျိုးသားကောင်စီ (NCUB) ရုံးတွင် ရှစ်လေးလုံး ဒီမိုကရေစီလူထုအရေးတော်ပုံကြီး (၁၉)နှစ်မြောက် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါသည်။ မျိုးဆက်သစ်ကျောင်းသားလူငယ်များ၊ မဟာမိတ်အဖွဲ့အစည်းများ၊ NGO များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ သတင်းဌာနများ၊ အလုပ်သမားအဖွဲ့အစည်းများ အပါအဝင် အင်အား (၃၀၀)ခန့်တက်ရောက်ခဲ့ကြပါသည်၊

အဆိုပါအခမ်းအနားတွင် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးတွင် ကိုယ်တိုင်ပါဝင်ခဲ့သော မခင်ဉမ္မာမှ အတွေ့အကြုံနှင့် နိုင်ငံရေးခံယူချက်များကို ပြောကြားခဲ့ပါသည်။ ရှစ်လေးလုံး တိုက်ပွဲမှ ယနေ့တိုင် ရပ်တည်လှုပ်ရှားနေသော ၈၈ မျိုးဆက်ကျောင်းသားများ နိုင်ငံရေးအမြင်နှင့် ရပ်တည်ချက်များကို မကြာသေးခင်က နယ်စပ်သို့ရောက်ရှိလာသည့် ရှစ်ဆယ့်ရှစ် မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုနေတင်မြင့်မှ ပြောကြားခဲ့ပါသည်၊ စစ်အုပ်စု၏ အတုအယောင် အမျိုးသားညီလာခံကျင်းပခဲ့သည်များနှင့် ယနေ့နိုင်ငံရေးအခြေအနေများကို ညီလာခံတွင် ကိုယ်တိုင်တက်ရောက်ခဲ့သည့် သထုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခွန်မြင့်ထွန်းမှ ရှင်းလင်းပြောကြားခဲ့ပါသည်၊ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးနှင့် မပြီးပြတ်သေးသည့် စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ဒီမိုကရေစီရေး၊ လူမျိုးပေါင်းစုံပြည်သူများ လွတ်မြောက်ရေးတိုက်ပွဲ၊ လက်တွေ့နိုင်ငံရေးခံယူချက်နှင့် လုပ်ငန်းစဉ်ဆိုင်ရာ ဦးတည်ချက် အပိုင်းကို ကေအန်ယူအထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာမှ ရှင်းလင်းပြတ်သားစွာ ပြောကြားခဲ့ပါသည်။

ရှစ်လေးလုံးအထိမ်းအမှတ်စာစောင်များ၊ လက်ကမ်းစာစောင်များ၊ အဖွဲ့အစည်းအသီးသီးမှ ကြေညာချက်များ၊ ဗွီစီဒီအခွေများကို FDB သတင်းနှင့် ပြန်ကြားရေးကော်မတီနှင့် ABSDF တို့မှ တာဝန်ယူ ဖြန့်ဝေခဲ့ကြပါသည်၊ NLD-LA/ FDB/ MPU/ WLB/ SYCB တို့ပူးတွဲ ကြေညာချက်ကို WLB မှ မသူထိုက်စံမှ ဖတ်ကြားသွားပါသည်။

XXXXXXX

## မယ်တော်ဆေးခန်းတွင် ရှစ်လေးလုံး (၁၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ဆွမ်းကပ်တရားနာယူပွဲ ကျင်းပ

မယ်တော်ဆေးခန်းတွင် ရှစ်လေးလုံး (၁၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ဆွမ်းကပ်တရားနာယူပွဲ ကျင်းပပြုလုပ်ပါ သည်။



ယနေ့ကျရောက်သည့် (၁၉)နှစ်မြောက် ရှစ်လေးလုံးဒီမိုကရေစီလူထုအရေးတော်ပုံကြီး နှစ်ပတ်လည်အခမ်းအနားနှင့် အရေးတော်ပုံကြီးအတွင်း ကျဆုံးသွားကြသော ရဟန်းရှင်လူ ကျောင်းသားပြည်သူများအား ရည်စူး၍ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆပ်ကပ်လှူဒါန်းခြင်းကို ယနေ့ နံနက် ၁၀း၀၀ မှ ၁၂း၃၀ နာရီထိ မယ်တော်ဆေးခန်းတွင် ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ပထမဆုံးသံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းကပ်ခြင်း၊လှူဖွယ်ပစ္စည်းများအား ဆက်ကပ်ခြင်းနှင့် ငါးပါးသီလဆောက်တည်ကြပြီး၊ (၁၉)နှစ်မြောက်အခမ်းအနားကို ကျင်းပခဲ့ကြပါသည်။

အခမ်းအနားတွင် သဘာပတိများအဖြစ် ဆရာမကြီးဒေါက်တာစင်သီယာမောင်၊ စက်မှုတက္ကသိုလ်ကျောင်းသား ကိုစိန်ဟန်နှင့် လူဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ တွဲဘက်အတွင်းရေးမှူး ကိုငွေလင်းတို့မှ ဆောင်ရွက်ကြပြီး ၎င်းတို့မှ ဂုဏ်ပြုအမှတ်တရစကား အသီးသီးပြောကြားခဲ့ကြပါသည်။

XXXXXXX

# ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးရှေ့တွင် ဆန္ဒပြ




လောင်စာဆီနှုန်းအဆမတန် မြင့်တက်သွားခြင်းကြောင့် မြန်မာပြည်တွင်းထဲတွင် ဩဂုတ်လ ၁၉ ရက်နေ့မှစ၍ ယခုအချိန်ထိ ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားနေသလို ပြည်ပရောက်မြန်မာတွေကလည်း ၎င်းဆန္ဒပြမှုများကို ထောက်ခံအားပေးသည့်အနေဖြင့် သက်ဆိုင်ရာနိုင်ငံများတွင် ဆန္ဒပြမှုများလည်း ဆက်တိုက်ဆိုသလို ပေါ်ပေါက်လျှက်ရှိပါသည်။ ထို့ပြင် ဩဂုတ်လ ၂၆ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးရှေ့တွင်လည်း လူအင်အား ၁၅၀ ကျော်ပါဝင်သည့် ၁၅ မိနစ်တာ ဆန္ဒပြမှုတခု ဖြစ်ပွားခဲ့ပါသည်။

၎င်းဆန္ဒပြပွဲကို ပြည်တွင်းတွင် ဖြစ်ပွားနေသော ပြည်သူ့ဆန္ဒပြပွဲများကို ထောက်ခံသည့်အနေဖြင့် T Action Committee for Democracy in Burma (TACDB)၊ မြန်မာ့အမျိုးသမီးသမဂ္ဂ၊ မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ (NCGUB)၊ FDB စသည့် ပြည်ပရောက် အတိုက်အခံအင်အားစုများနှင့် ထိုင်းနိုင်ငံရောက် အလုပ်သမားများ ပါဝင်ဆန္ဒပြခဲ့ကြောင်းသိရပါသည်။

ထိုဆန္ဒပြပွဲသို့ တက်ရောက်ခဲ့သူ မြန်မာ့အမျိုးသမီးသမဂ္ဂမှ တက်ရောက်သူ အမျိုးသမီးငယ် ခင်စန်းထွေးမှ သူမပါဝင်ရသည့်အကြောင်းကို အခုလိုပြောပြခဲ့ပါသည်။ "ပြည်တွင်းမှာဖြစ်နေတဲ့ ဆန္ဒပြပွဲကို ပြည်ပရောက်လူငယ်တယောက်အနေနဲ့ လုံးဝကိုထောက်ခံတာရယ်၊ မြန်မာနိုင်ငံမှာကြည့်ရင်လည်း လူငယ်အများစုက ပညာရေးကို ဆုံးခန်းတိုင် မသင်ကြားနိုင်ဘူး။ ပြည်ပမှာရောက်နေတဲ့ လူအများစုကိုကြည့်မယ်ဆိုရင် လူငယ်အများစုသာဖြစ်တာကို ကျမမြင်တွေ့နေရတယ်။ အသက်အန္တရာယ်ကြားက ကိုယ်ကျိုးမကြည့် လှုပ်ရှားမှုတွေထဲပါဝင်တဲ့ လူငယ်တွေလိုဘဲ ပြည်ပမှာ ရောက်နေတဲ့ လူငယ်တွေအနေနဲ့ မြန်မာနိုင်ငံသားတယောက်အဖြစ် တာဝန်ကျေဖို့ လိုပါတယ်။"

တဆက်တည်းမှာဘဲ ဒီလို ပြည်တွင်းမှာဖြစ်ပွားနေတဲ့ ပြဿနာတွေဟာ အားလုံးသက်ဆိုင်တဲ့ကိစ္စဖြစ်ပြီး ပြည်တွင်းဆန္ဒပြသူတွေနဲ့အတူ ပြည်ပရောက် လူငယ်တွေကလည်း မိမိတို့တက်နိုင်တဲ့ဘက်မှ ပူးပေါင်းပါဝင်ကြဖို့လည်း မခင်စန်းထွေးမှ မြန်မာလူငယ်များအား တိုက်တွန်းပြောဆိုခဲ့ပါသည်။

၎င်းဆန္ဒပြမှုကို လုံခြုံရေးအရ ထိုင်းရဲ ၃၀ ကျော်ကနေ စောင့်ကြပ်ခဲ့ပြီး ဆန္ဒပြသူများဟာ "ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားများ အမြန်ဆုံးလွှတ်ပေးရေး၊ အဖမ်းဆီးခံ ကျောင်းသားများ အမြန်ဆုံးလွှတ်ပေးရေး၊ ကုန်ဈေးနှုန်းကျဆင်းရေး၊ အတုအယောင်အမျိုးသားညီ လာခံ အလိုမရှိ ..." စသည့် ကြွေးကြော်သံများဖြင့် ဆန္ဒပြပွဲကို အဆုံးသတ်ခဲ့ကြပါသည်။

XXXXXXX

# ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ)၏ စုံညီအစည်းအဝေးကျင်းပ



ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ) ၏ စုံညီအစည်းအဝေးကို ဩဂုတ်လ (၃) ရက်မှ (၄) ရက်နေ့အထိ ၂ ရက်တာ ထိုင်း–မြန်မာနယ်စပ်တနေရာရှိ ကော်မတီရုံးတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် ပြီးခဲ့သည့်နှစ်က ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအား ပြန်လည်သုံးသပ်ခြင်း၊ လက်ရှိနိုင်ငံရေး အခြေအနေများအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခြင်း၊ စုဖွဲ့မှုများ၊ အဖွဲ့ဝင်သစ်လက်ခံ အတည်ပြုခြင်းများကို ပြုလုပ်ခဲ့ပါသည်။ ဦးဆောင်ကော်မတီဝင်များ၊ ကော်မတီဝင်များ၊ အဖွဲ့ဝင်များ စုစုပေါင်း (၁၇) ဦး တက်ရောက်ခဲ့ကြပါသည်။ နိုင်ငံတကာရောက် ကော်မတီဝင်အဖွဲ့ဝင်များမှလည်း အကြံပြုဆွေးနွေး ချက်များ ပေးပို့ခဲ့ကြပါသည်။

ကျင်းပပြီးစီးခဲ့သည့် စုံညီအစည်းအဝေးမှ လက်ရှိနိုင်ငံရေးအခြေအနေနှင့်ပတ်သက်၍

– ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို ပစ်ပယ်သော၊ ပြည်သူ့ဆန္ဒမပါဝင်သော မည်သည့် ဗမာပြည်နိုင်ငံရေးအပြောင်းအလဲ အစီအစဉ်ကိုမှ ဗကသများအဖွဲ့ချုပ် (နိုင်ငံခြားရေးရာကော်မတီ) အနေဖြင့် လက်မခံပါ။ပြတ်သားစွာဆန့်ကျင်ပါသည်။

– ညောင်နှစ်ပင်ညီလာခံသည် ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို ပစ်ပယ်ခြင်း၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒနှင့် ပြည်သူလူထု၏ ဆန္ဒမပါဝင်ခြင်း စသည်တို့ကြောင့် ကော်မတီအနေဖြင့် ပြတ်သားစွာဆန့်ကျင်သည်၊

– စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ဒီမိုကရေစီ၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် လူထုတိုက်ပွဲဖြင့် ဖော်ဆောင်သွားရန် FDB တပ်ပေါင်းစုအတွင်း ယခင်ကထက်ပိုမိုအားစိုက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နိုင်ငံရေးသဘောထားများကို ချမှတ်ခဲ့ပါသည်၊

XXXXXXX

# သထုံမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခွန်မြင့်ထွန်းနှင့်အဖွဲ့အား FDB ခေါင်းဆောင်များတွေ့ဆုံ



၂၀၀၇ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုလူငယ် သထုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခွန်မြင့်ထွန်းနှင့် (NLD-LA) အထွေထွေအတွင်းရေးမှူးကိုမြင့်စိုးအပါအဝင် (၅)ဦးတို့သည် (FDB) ခေါင်းဆောင်များဖြစ်သော အတွင်းရေးမှူးချုပ် ကိုနိုင်အောင်၊ ဒုတိယအတွင်းရေးမှူးချုပ်ကိုငွေလင်း၊ ကိုကျော်ထက် အပါအဝင် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ မူဝါဒဦးဆောင်အဖွဲ့ဝင်များပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲတစ်ခုကို မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုရုံးခန်းမ၌ ပြုလုပ်ခဲ့ပါသည်။ ထိုဆွေးနွေးပွဲတွင် အတွင်းရေးမှူးချုပ်ကိုနိုင်အောင်မှ အပြန်အလှန်မိတ်ဆက်ပေးခြင်းနှင့် FDB အကြောင်းကို ရှင်းလင်းတင်ပြခဲ့သလို လက်ရှိနိုင်ငံရေးအခြေအနေများ၊ စစ်အုပ်စု၏ (Road-map) ၇ ချက်၊ လက်ရှိအမျိုးသားညီလာခံအပေါ် အမြင်သဘောထားများ၊ မြန်မာနိုင်ငံဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံတကာအခင်းအကျင်းများ၊ တိုင်းရင်းသားအင်အားစုများ၊ အပစ်အခတ်ရပ်စဲထားသောအင်အားစုများ၊ မဟာမိတ်အင်အားစုများ၏ အခြေအနေများကို နှစ်ဦးနှစ်ဖက်ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပါသည်။ ထိုဆွေးနွေးပွဲတွင် ခွန်မြင့်ထွန်းမှ 'ယနေ့မြန်မာနိုင်ငံ ကြုံတွေ့နေရသော ပြဿနာက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြဿနာ (Constitutional Crisis)မဟုတ်ပါဘူး။ ဒါဟာအဓိကမဟုတ်ပါဘူး။ နိုင်ငံရေးပြဿနာသာဖြစ်တယ်။ သူနဲ့ ကိုယ်နဲ့ကြေလည်ရေး၊ တယောက်ကို တယောက်ဘယ်လို အာမခံကြမလဲ ဒါကအဓိကကျတယ်လို့ မြင်ပါတယ်။ Referendum ဟာ အစစ်အမှန်ဖြစ်မယ်မထင်ဘူး။ ၇၄ ခုနှစ်ကလိုဘဲ ဖြစ်လိမ့်မယ်။ ဒါကို ထောက်ပြကြရမှာ ဖြစ်တယ်' လို့ ပြောသွားခဲ့ပါတယ်။

XXXXXXX

# Web-site Training



ထိုင်း–မြန်မာနယ်စပ်တနေရာရှိ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB) ရုံးတွင် FDB ၏ သတင်းနှင့် ပြန်ကြားရေးကော်မတီဝင်များ၊ အဖွဲ့ဝင်အဖွဲ့အစည်းများမှ သတင်းနှင့် ပြန်ကြားရေးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များပါဝင်သည့် web-site training တခုကို သင်တန်းသား (၂၀)တက်ရောက်ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အိုင်တီကျောင်းသားသမဂ္ဂ၏ ဥက္ကဋ္ဌဖြစ်သူ ကိုအောင်ကျော်ဇေယျမှ (၁၀)ရက်ကျော်သင်ကြား ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းကို "ယနေ့ကမ္ဘာကြီး၏ သတင်းနှင့် နည်းပညာခေတ်ကြီးကို အမှီလိုက်ပါနိုင်ရန် မြန်မာနိုင်ငံ၏ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတိုက်ပွဲတွင် မြန်မာနိုင်ငံရှိ ပြည်သူများနှင့် နိုင်ငံတကာရှိ ပြည်သူများ ပေါင်းစည်းနိုင်ရန်၊ အချိန်နှင့်အမျှ မြန်မာနိုင်ငံပြည်သူလူထု၏ ဒီမိုကရေစီရေးတိုက်ပွဲများကို ကမ္ဘာက သိရှိစေရန်၊ ပြည်တွင်းရှိ တိုက်ပွဲဝင် ရဟန်းရှင်လူ ကျောင်းသား ပြည်သူများသိရှိရန် ရည်ရွယ်ပြီး ဤသင်တန်းကို ပြုလုပ်ခဲ့ကြောင်း" အက်ဖ်ဒီဘီ၏ သတင်းနှင့် ပြန်ကြားရေးကော်မတီ တွဲဘက်အတွင်းရေးမှူး ကိုတိုးတိုးထွန်းမှ ပြောဆိုပါသည်။

XXXXXXX

ယခင်အပတ်သတင်းလွှာများကို
အောက်ပါအင်တာနက်စာမျက်နှာများတွင် ရယူဖတ်ရှုနိုင်ပါသည်
www.abfsu.net
www.absdf8888.org
www.dpns.org
www.yoma3.org

Forum for Democracy in Burma
PO Box 83, Mae Sod
Tak 63110
Thailand
Email: democraticforum@csloxinfo.com
Website: http://www.democraticforumburma.org.

# လောင်စာဆီဈေးနှုန်းတက်ခြင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းလှုပ်ရှားမှုများနဲ့ ပတ်သက်၍ အမြင်သဘောထားများ

ကျနော်တို့က ပြည်သူတွေရဲ့ ဘဝဟာ ဘယ်အခြေအနေကို ရောက်သွားတယ်ဆိုတာကို လက်တွေ့ထင်ဟပ်ပြလိုက်တာပဲ။ ပြည်သူတွေဟာ နောက်ဆိုလို့ရှိရင် ရတဲ့ဝင်ငွေနဲ့ အဲဒီ မော်တော်ယာဥ်စီးဖို့နဲ့ မလုံလောက်တော့တဲ့အတွက်ကြောင့် ဟောဒီလို လမ်းမတွေပေါ်ရောက်လာလိမ့်မယ် ဆိုတာကို အမြည်းသဘောနဲ့ ကျနော်တို့ ပေးလိုက်တာပဲ၊ ဒါနမူနာပဲ ရှိပါသေးတယ်။ ပြည်သူလူထုရဲ့ အခက်အခဲကို တကယ် ဖြေရှင်းချင်တဲ့ဆန္ဒ သူတို့မှာ ရှိသလား၊ မရှိဘူးလားဆိုတာကို ပြည်သူတွေသိသွားဖို့က လိုရင်းဖြစ်တယ်ဗျ။ ပထမဦးဆုံးခြေလှမ်းက၊ သူတို့ တကယ်ဖြေရှင်းချင်တဲ့ ဆန္ဒရှိတယ်ဆိုရင် သူတို့ဘက်က တရားဝင် ဟောဒီအခက်အခဲကိုတော့ ဘယ်ပုံဘယ်နည်းနဲ့ ဖြေရှင်းပါ့မယ်ဆိုတဲ့ အ ကြောင်းပြန်ချက်မျိုးကို ကျနော်တို့စောင့်နေမယ်။ အဲဒီလိုမဟုတ်ပဲနဲ့ ပြည်သူတွေ မအောင့်နိုင်လို့ ထွက်လာလို့ရှိရင်လည်း အဲဒီပြည်သူတွေနဲ့ ဖြေရှင်းကြပေတော့။

**၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်၊ (၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်။ BBC)**

အဲဒါကတော့ ကျနော် ရာနှုန်းပြည့်ထောက်ခံတယ်ခင်ဗျ၊ ဘာလို့ဆို ကျနော်တို့ဆီမှာ ဆီဈေးတွေလည်းတက်နေတယ်၊ ဆီဈေးတက်နေတဲ့အချိန် မှာ အများပြည်သူအနေနဲ့၊ ကျနော်တို့ အနုပညာသမားတွေအနေနဲ့ကို ရိုက်ကွင်းသွားဖို့အတွက် ဆီဈေးမြင့်မားနေတဲ့အတွက် တော်တော်ဒုက္ခရောက် နေပါတယ်၊ နာရေးကူညီမှုအသင်းနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင် အကူအညီတောင်းတာတွေ များလာတယ်၊

**ရုပ်ရှင်သရုပ်ဆောင် ကျော်သူ၊ (၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်၊ DVB)**

ဒကာဒကာမတွေရဲ့ အရေးဟာ သံဃာတော်တွေရဲ့ အရေးဖြစ်ပါတယ်၊ အဲဒီတော့ ဒကာဒကာမတွေ လှုပ်ရှားတဲ့ကိစ္စကို သံဃာတော်တွေက ဝိုင်းဝန်းပြီးတော့ ကူညီပံ့ပိုးပေးဖို့လိုတယ်၊ ကိုထင်ကျော်တို့ (၂၂)ရက်နေ့မှာ ဆန္ဒပြမယ်ဆိုတဲ့ ဥစ္စာ သံဃာတော်ဝင်ရောက်ပြီးတော့ ပူးပေါင်းကြပါလို့ ဦးဇင်းအနေနဲ့ မေတ္တာရပ်ခံပါတယ်။

**ရန်ကုန်မှ ကျောင်းထိုင်သံဃာတော်တပါး (၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်၊ DVB)**

မှန်မှန်ကန်ကန် မဖြေရှင်းဘဲနဲ့ ဒီလို တကယ့်ကို ကျိုးကြောင်းမဲ့၊ တကယ့်ကို ရက်ရက်စက်စက် ဖမ်းဆီးနှိပ်စက်တဲ့နည်းတွေနဲ့ လုပ်နေမယ်ဆိုလို့ရှိရင် တော့ ဆိုးသထက်ဆိုးလာပြီးတော့မှ ဘယ်လိုမှ ငြိမ်းလို့သတ်လို့ မရနိုင်တော့ဘူးလို့ ကျနော်တို့အဲလိုမြင်တယ်။ အဲဒီဥစ္စာဟာ ၈၈ လှုပ်ရှားမှုကြီးရဲ့ အစပိုင်းလို့ ကျနော်တို့တော့ အဲဒီပုံသဏ္ဍာန်မျိုးကို မြင်နေရပါတယ်။

**လူ့ဘောင်သစ်ပါတီ တွဲဘက်အထွေထွေအတွင်းရေးမှူး ဦးငွေလင်း (၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၂၂)ရက်။ VOA)**

ဒီလှည်းတန်းဈေးက ဈေးရောင်းတဲ့ အမျိုးသမီးတွေပါရှင့်၊ ကျမတို့ ဒီနေ့ ၈၈ မျိုးဆက်ကျောင်းသားတွေနဲ့အတူ ဆန္ဒထုတ်ဖော်ဖို့အတွက် လမ်း လျှောက်လိုက်ခဲ့ကြတာပါ။ ကျမတို့ ဈေးသည်တွေကလေ ဓါတ်ဆီဈေးတွေ တက်တာကြောင့် အရမ်းကိုလေ ဒုက္ခရောက်ပါတယ်ရှင့်၊ ကျမတို့ ဒီနေ့ ရောင်းရတဲ့ ပိုက်ဆံတွေကလည်း မနက်ဖြန်ဆိုလို့ရှိရင် ဒီဈေးနဲ့ဝယ်လို့ကို မရတော့ဘူးရှင့်။ ပစ္စည်းတွေကို ဈေးတက်ရောင်းရတယ်။ အဲဒီတော့ ပစ္စည်းတွေ ကလည်း နည်းနည်းပဲ ရောင်းရတယ်။ အဲဒီတော့ ပြည်သူတွေလည်း ဒုက္ခရောက်တယ်၊ ကျမတို့အတွက်လည်း ဒုက္ခရောက်တယ်၊ ဆီဈေးတွေ ချပေးဖို့ ကျမတို့ဈေးသည်တွေ အနေနဲ့လည်းတောင်းဆိုပါတယ်ရှင့်

**ပြည်သူတဦး (၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၂၂)ရက်။ VOA)**

သမီးတို့ အခုဆိုရင် တက္ကသိုလ်ကျောင်းသွားရတာ အရမ်းစိတ်ညစ်ရတာပေါ့။ သမီးတို့ကျောင်းတွေအတွက် ဘတ်စ်ကားတွေက အရမ်းဈေးကြီးတဲ့အတွက် တချို့ဆိုလို့ရှိရင် ကျောင်းမတက်နိုင်တဲ့သူတွေ အများကြီးရှိတယ်။ မုန့်ဖိုးရတာမှ တနေ့ လေးရာ၊ ငါးရာလောက်ပဲ ရတာ၊ ကားခနဲ့တင် တနေ့ ခုနစ်ရာ၊ ရှစ်ရာ ကုန်တဲ့အချိန်မှာ ဘယ်လိုမှ သူတို့တွေ ကျောင်းတက်ဖို့အတွက်ကို တော်တော်လေးကို ခက်ခဲပါတယ်။ အဲဒီတော့ အကုန်လုံးလိုလိုက ဒီကျောင်းတက်ဖို့ကိုတောင် ဘယ်လိုတက်ရမလဲပေ့ါနော် အဲလိုမျိုးတွေရှိကြပါတယ်။

**ဒဂုံတက္ကသိုလ်ကျောင်းသူတစ်ဦး (၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၂၂)ရက်။ VOA)**

ကျနော်တို့အနေနဲ့ မြင်တာကတော့ ကျောင်းသားခေါင်းဆောင်တွေက ဒါမျိုးဖြစ်မယ်ဆိုတာကို သိရဲ့သားနဲ့ လုပ်ကြတာပဲလေ၊ သူတို့ကိုယ်တိုင်က ယုံယုံကြည်ကြည် ရိုးရိုးသားသားနဲ့ ပြည်သူတွေနဲ့ တိုင်းပြည်အတွက် လုပ်ရမယ်ဆိုတာကို အနစ်နာခံပြီး ဆောင်ရွက်ကြတာပဲ။ ကျနော့် အ နေနဲ့ သူတို့ကို သိပ်ကိုလေးစားတယ်။ နောက်အထင်လည်းကြီးတယ်။ ကျနော်တို့အားလုံးက သူတို့ခြေရာတွေကို နင်းပြီး သူတို့ဖြစ်ချင်တဲ့ ဆန္ဒတွေကို အောင်မြင်အောင် ကျနော်တို့အားလုံးက ဆက်ပြီးတော့ တိုက်ပွဲဝင်ရမယ်၊ ပိုပြီးတော့ တိုက်ပွဲဝင်ရမယ်လို့ ကျနော်ယုံကြည်တယ်။

**FDB အတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင် (၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်၊ VOA)**

ငါတို့အတွက် အကောင်းဆုံး အချက်ပေးနေပြီ။ မြန်မာစစ်အစိုးရ ကအခု အချက်ပေးနေပြီ။ နိုင်ငံတော် အစိုးရတရပ်အနေနဲ့ တာဝန်ခံမှု လုံးဝမရှိတော့ဘူး။ မတရားမှုကို ဆက်တိုက်ခေါင်းငုံ့ခံတော့မှာလားဆိုတဲ့ အချက်ကိုပြနေပြီ၊ တပြည်လုံးက ရှစ်လေးလုံး အပိုင်း(၂) ဒုတိယပိုင်းကို ဆက်ရတော့မယ်။ ဇာတ်သိမ်းခန်းတော့ ရောက်လာပြီလို့ ကိုမြင်တယ်။

**၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သည့် ကိုမိုးသီးဇွန် (၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်၊ VOA)**

"ကျနော်တို့ လူထု ဆန္ဒပြမှုကို အန်အယ်လ်ဒီက ကနေ့အထိ ကျနော်တို့ ဆောင်ရွက်ဖို့ အစီအစဉ်မရှိဘူး။ ဒီနေ့အခုလိုဖြစ်သွားတဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ပုဂ္ဂိုလ်တဦးချင်းပါတာနဲ့ ပတ်သက်ပြီးတော့လဲ အထူးအပြစ်တင်စရာ မရှိဘူးလို့ အန်အယ်လ်ဒီက မြင်တယ်။ ဘာကြောင့်လဲဆိုတော့ ကနေ့ဖြစ်ပျက်နေတဲ့ ဒီ ဆန္ဒပြမှုက ပြည်သူတွေ တကယ် ခံစားနေတဲ့ဟာကို ရောင်ပြန်ဟပ်တဲ့ ဆန္ဒပြမှုလို့ မြင်တဲ့အတွက်ဖြစ်ပါတယ်။ စောစောကပြောတဲ့ အန်အယ်လ်ဒီက ဒါကို ဦးဆောင်ဖို့လိုမလို ဆိုတဲ့ ပြဿနာနဲ့ ပတ်သက်လို့ရှိရင် ကျနော်တို့တော့ မပြောနိုင်ဘူး ဒါဟာ ဟိုင်းရားပေါ်လစီဖြစ်ပါလိမ့်မယ်။"

"လူငယ်ပဲ ဖြစ်ဖြစ်၊ လူကြီးပဲဖြစ်ဖြစ်၊ မိမိတို့ဆန္ဒထုတ်ဖော်ခြင်းဟာ ဒီမိုကရေစီပါပဲ။ ဒါနဲ့ ပတ်သက်ပြီးတော့ အန်အယ်လ်ဒီက ကန့်ကွက်စရာ ဘာတခုမှမရှိဘူး။ အဲဒါကို ပြောချင်တာပါ။ သို့သော် အန်အယ်လ်ဒီဘာလုပ်မရမလဲ ဆိုတာနဲ့ ပတ်သက်လို့ မြင်ကြတဲ့အမြင်ကိုလဲ ကျနော်တို့ ဝေဖန်စရာ မရှိဘူး။ သို့သော် အန်အယ်လ်ဒီဟာ အခုရပ်တည်နေရတဲ့ အနေအထားနဲ့ တိုင်းပြည်ရဲ့ အနာဂတ်အတွက် အားလုံးကို ခြုံပြီးတော့ ကျနော်တို့ ပေါ်လစီချမှတ်သွားရမယ်။ နည်းဗျူဟာတွေ ချမှတ်သွားရမှာဖြစ်တဲ့အတွက် အခုနေ နောင်ကိုဘာလုပ်မယ်။ ဘယ်လို ဦးဆောင်မယ်ဆိုတာမျိုးကို အခုချိန်မှာ ပြောလို့မရသေးဘူးလို့ ဆိုလိုတာပါ။"

**အင်န်အယ်ဒီပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်း (၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၂၂) ရက်၊ DVB)**

"မပါသင့်ဘူး။ ပါသင့်တယ်ဆိုတာမျိုးကတော့ ဘာမှ မရှိသေးဘူးလေ။ ဒီဟာတွေက ဒီလိုလုပ်လို့လဲ တခါတည်းချက်ခြင်း ဆွေးနွေးမှာလဲ မဟုတ်ပါဘူး။ အခု သူတို့ဥစ္စာက ဒီကုန်ဈေးနှုန်းတက်တာကို ဒီဟာလေးကို ဒီက မူအားလုံးမထိသေးလို့ ကျနော်တို့ ပြောတာတွေကတော့ တပြည်လုံး ဒီဟာတင်မကဘူး။ တပြည်လုံး အားလုံးသင့်မြတ်ဖို့ ဒီမိုကရေစီ ဦးတည်ဖို့ဆိုတာ ဒီမူအရ ဒီဟာတွေ လုပ်ပါဆိုတာ ဒါမလုပ်လို့ကတော့ ကျနော်တို့လဲ ဆန္ဒပြမယ်ဆိုတာမျိုး ကျနော်တို့အနေနဲ့ မလုပ်ရသေးဘူးလေ။ ဆန္ဒပြတာကတော့လေ တဖြည်းဖြည်းတော့ ကျယ်ပြန့်ရင်ကျယ်ပြန့်လာမှာပါ။ "

**ဦးပုကျင်ရှင်းထန်။ (၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၂၂)ရက်။ DVB)**

အထူးသဖြင့်တော့ ကျမတို့အမျိုးသမီးတွေ ၁၉၈၈ အရေးအခင်းမှာ စပြီးတော့မှ ကျမတို့ မတ်လတံတားနီအရေးအခင်းကစပြီးတော့မှ ဇွန်လအရေးအခင်းစသည်ဖြင့် တောက်လျှောက်လုပ်လာခဲ့တဲ့အထဲမှာလည်း အမျိုးသမီးကျောင်းသူတွေက ရဲရဲတောက် တက်ညီလက်ညီနဲ့ အကုန်လုံး စုစုစည်းစည်းနဲ့ပါဝင်ခဲ့ကြတယ်။ အဲ့ဒီအပေါ်မှာကျမတို့ မနေ့က ဆန္ဒပြမှု၊ လှုပ်ရှားမှုဟာ ကျမတို့ ၈၈ ခုနှစ် အမျိုးသမီးတွေလှုပ်ရှားမှုနဲ့ ကျမတို့ ပြန်ပြီးတော့မှ သတိရစရာတွေ ပြန်ဖြစ်ပါတယ်။

**၈၈ ကျောင်းသူဟောင်း မခင်ဥမ္မာ (၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၂၃)ရက်။ RFA)**

မနေ့ကဖြစ်တဲ့ လှုပ်ရှားမှုတွေမှာဆိုရင် ၈၈ မျိုးဆက်ခေါင်းဆောင်တွေ တော်တော်များများအထိန်းသိမ်းခံခဲ့ရပြီးနောက်ပိုင်းမှာ ဒီအမျိုးသမီးတွေက ဦးဆောင်ပြီးတော့ သတ္တိရှိရှိနဲ့ ဒီလှုပ်ရှားမှုတခုကို စည်းရုံးနိုင်ခဲ့တယ်ဆိုတာ ကျမတို့ ဒီမြန်မာနိုင်ငံ မြန်မာအမျိုးသမီးတွေအတွက် တကယ့် သမိုင်းဝင်ဖြစ်ရပ်တခုလည်းဖြစ်တယ်၊ ကျမတို့သုံးသပ်မိတာက ကျမတို့နိုင်ငံက အမျိုးသမီးတွေဟာ တိုင်းပြည်အတွက်အမှန်တကယ် လိုအပ်တဲ့အချိန်မှာ စွန့်လွှတ်မှု။ စွန့်စားမှုအပြည့်နဲ့ပေးဆပ်ခဲ့ကြတာချည်းပါပဲ။ အဲ့ဒီလိုဆိုတော့ ဒီ ၈၈ အရေးတော်ပုံကာလတုန်းကပေါ်ပေါက်ခဲ့တဲ့ ဒီ အိမ်ရှင်မများသမဂ္ဂတို့။ သူနာပြုများသမဂ္ဂတို့။ ကျောင်းဆရာမများသမဂ္ဂတို့ဆိုတာလည်း ဒီနေ့ဒီအချိန်မှာ အချိန်မှီ ပြန်လည်ပေါ်ပေါက်လာ နိုင်တယ်ဆိုတာလည်း ကျမတို့ မျှော်လင့်ထားပြီးသားပဲ။

**၈၈ ကျောင်းသူဟောင်း မမိဆူးပွင့် (၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၂၃)ရက်။ RFA)**

အခုဆန္ဒပြမှုဆိုတာ ကျနော်တို့ဖန်တီးတာမဟုတ်သလို ကျနော်တို့ တားဆီးလို့လဲမရဘူး။ သူ့ဘာသာသူ သွားနေတဲ့ကိစ္စတွေ လူထုက သူ့ခံစားချက်ကို သူဖော်ပြနေတဲ့ ကိစ္စဆိုတော့ကာ၊ ကျနော်လူထုကို ပြောချင်တာက ဒီဟာ ဟာတကယ်ကို လူထုကြားကနေထွက်လာတဲ့ သဘောထားဆန္ဒတွေ လူထုကြားကနေ ပေါ်ပေါက်လာတဲ့၊ မွေးဖွားလာတဲ့ လှုပ်ရှားမှုတွေသာဖြစ်တယ်။ ဒါကြောင့်မို့လို့ ရဲရဲရင့်ရင့်သာ ရင်ဆိုင်ကြပါ။ ကျနော်တို့က ကိုယ်ကြိုးစားရင် ကြိုးစားသလောက် ကျနော်တို့ကရလဒ်ကောင်းတွေ ထွက်ပေါ်လာမှာပဲ။ လူထုအနေနဲ့ သေသေချာချာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ကို ကျနော်ပြောချင်တယ်။

**ကိုလှမျိုးနောင် (၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက်၊ DVB)**

နောက်တခုက ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းတို့၊ စွမ်းအားရှင်တို့ ဒီအာဏာပိုင်အဖွဲ့အစည်းတွေကနေပြီးတော့မှ လက်ကိုင်တုတ်အဖြစ် ကျင့်သုံးနေတဲ့ ဒီပုဂ္ဂိုလ်တွေအားလုံးကို ကျနော် မေတ္တာရပ်ခံပန်ကြားလိုပါတယ်။ ကျနော်တို့ တော်နေတဲ့သူအချင်းချင်းဗျာ။ ဘဝတူချင်းကို ဘာဖြစ်လို့ ဇာတ်တူသားစားကြမှာလဲ အဲဒီတခု ပြောကြားလိုတယ်။ သူတို့လဲ တော်နေတယ်။ ကျနော်တို့ ပြည်သူတွေလဲ တော်နေတယ်။ တော်တဲ့လူအချင်းချင်းကို ဘာကြောင့်မို့ နှိုင်ထက်စီးနင်းနဲ့ ဒီလိုမျိုး ကြမ်းကြမ်းတမ်းတမ်း ရိုင်းရိုင်းစိုင်းစိုင်း ဒီယုတ်မာရိုင်းစိုင်းတဲ့ လုပ်ရပ်တွေကို ဘာကြောင့်လုပ်ကြတာလဲ။ ဒီလူတွေကို ကျနော်ပြောလိုပါတယ်။ ခင်ဗျားတို့လဲ တော်နေကြပါတယ်။ ကျနော်တို့လဲ တော်နေကြပါတယ်။ တော်နေတဲ့လူအချင်းချင်းကို မနှိပ်စက်ကြပါနဲ့ ရိုင်းစိုင်းတဲ့ အပြုအမူတွေနဲ့ မဆက်ဆံကြပါနဲ့။ ခင်ဗျားတို့ ရနေတဲ့ နအဖစစ်ခေါင်းဆောင်တွေ ပေးကျွေးနေတဲ့ဟာ တနပ်စာပဲရှိပါတယ်။ သူတို့တသက်လုံး မကျွေးနိုင်ပါဘူး။ အဲဒီအတွက် ဒီကြံ့ဖွံ့တို့ စွမ်းအားရှင်တို့အားလုံးကို ကျနော်တို့ ပြည်သူတွေနဲ့ ပူးပေါင်းပါလို့ မေတ္တာရပ်ခံလိုပါတယ်။ ခင်ဗျားတို့နဲ့ ကျုပ်တို့က ဇာတ်တူသားတွေပါ။ ဇာတ်တူသားစားရင် ဟသ်ာကိုးသောင်းပျက်တတ်ပါတယ်။ အဲဒါကို ကျနော် သတိပေးလိုပါတယ်။

**ကိုထင်ကျော် (၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက်၊ DVB)**

ကျနော်တို့ရဲ့သဘောထားတွေကိုလည်း တပ်မတော်အစိုးရကို ကျနော်တို့၌ အကြိမ်ကြိမ်ပေးခဲ့ပါတယ်။ အတူတူပူးပေါင်းလက်တွဲပြီးတော့ ဆောင်ရွက်နိုင်ရေးပါ။ ဒါပေမဲ့လို့ လူထုထောက်ခံတဲ့။ လူထုကြည်ဖြူတဲ့ စနစ်တခုကို ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်လောက်အောင်ကို နအဖအစိုးရအနေနဲ့ အတင်းအကောင်အထည်ဖော်မယ်ဆိုတဲ့ ပုံစံတွေကို ကျနော်တို့တွေ့လာရပါတယ်။ ပြည်သူရဲ့ဆန္ဒမပါပဲနဲ့ သူတို့ဟာ စစ်တပ်လွှမ်းမိုးကြီးစိုးရေးဆိုတဲ့ အခြေခံဥပဒေတရပ်ကို ပြည်သူကနေပြီးတော့ အတင်းအကျပ်ထောက်ခံနိုင်အောင် အကောင်အထည်ဖော်ဖို့ကြိုးစားနေပါတယ်။ လူထုကိုအကြောက်တရားနဲ့ ခြိမ်းခြောက်ပြီးတော့ သွင်းမယ်ဆိုလို့ရှိရင် ဒုတိယကမ္ဘာစစ်ကျွန်ကာလက ပိုလန်နိုင်ငံကို နာဇီဂျာမဏီက ဝင်ပြီးတော့သိမ်းတဲ့ကာလမှာ လူထုထောက်ခံပွဲကြီးတွေနဲ့ ပိုလန်ပြည်သူလူထုက ထောက်ခံလို့။ ဖိတ်ခေါ်လို့ နာဇီပါတီဟာပိုလန်ကိုသိမ်းရတာပါဆို တဲ့လူထုထောက်ခံပွဲတွေလိုမျိုး အကောင်အထည်ဖော်ဖို့ကြိုးစားနေတာကို ကျနော်တို့သွားတွေ့ရပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတခု ကို ဒီပုံစံမျိုးနဲ့လုပ်လို့မရပါဘူး။

**ကိုဌေးကြွယ် (၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်၊ RFA)**

အကျပ်အတည်းကို ဖြေရှင်းမယ်ဆိုရင် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ဒီကနေ့ အာဏာပိုင်တွေရဲ့ တဖက်သတ်လုပ်ရပ်တွေက တိုင်းပြည်အတွက် အကျိုးမရှိနိုင်ဘူး၊ ဒါကြောင့်မို့လို့ ဒီကနေ့ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းမယ်ဆိုရင် တိုင်းပြည်မှာရှိနေတဲ့ နိုင်ငံရေးအဖွဲ့အစည်းများနဲ့ တိုင်းရင်းသားအဖွဲ့အစည်းများပါ နအဖနဲ့ တွေ့ဆုံတွေးနွေးပြီးတော့မှ အမျိုးသားရေးအတွက် တကယ့်ဖြေရှင်းနိုင်မယ့် ရလဒ်ကောင်းတွေကို ပေါ်ပေါက်လာနိုင်လိမ့်မယ်လို့ အန်ကယ်လ်တို့ တိုင်းရင်းသားအဖွဲ့အစည်းများက ယုံကြည်တဲ့အတွက်ကြောင့် အခုလို ကြေညာချက်ကို ထုတ်ရတာဖြစ်ပါတယ်။

**CRPP အတွင်းရေးမှူး ဦးအေးသာအောင် (၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၂၇) ရက်၊ VOA)**

XXXXXXX

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ မဟာဗျူဟာလုပ်ငန်းစဉ် ရည်မှန်းချက်(၄)ရပ်–

(၁) မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအား ကျစ်လစ်ခိုင်မာပြီး စွမ်းဆောင်ရည်မြင့်သော နိုင်ငံရေးအင်အားစုတစ်ရပ်အဖြစ် စုစည်းတည်ဆောက်သွားရန်၊

(၂) ဒီမိုကရေစီတိုက်ပွဲဝင်အင်အားစုများအတွင်း မဟာဗျူဟာညှိနှိုင်းဆက်စပ်လုပ် ဆောင်မှုများ ဆောင်ရွက်သွားရန်၊

(၃) လူထုတိုက်ပွဲများ ပေါ်ပေါက်လာရေးအတွက် ဦးတည်ကြိုးပမ်းသွားရန်၊

(၄) ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဝန်းအဝိုင်းမှ ဟန်ချက်ညီစုပေါင်းအားထုတ်မှုများဖြင့် မြန်မာပြည်အရေး၌ ထိထိရောက်ရောက် ပါဝင်ဖြေရှင်းလာစေရေးအတွက် ကြိုးပမ်းသွားရန်၊

# ပြည်သူလူထုဟာ သစ္စာမဖောက်ဘူး

ဗျည

ညောင်နှစ်ပင်ညီလာခံကနေ ဗမာပြည်နိုင်ငံရေးကို သေဒဏ်ပေးဖို့ နောက်ဆုံးစီရင်ချက်ချဖို့ စည်းဝေးနေချိန်မှာပဲ လမ်းမတွေပေါ်မှာ ပြည်သူလူထုဟာ အဲဒီညောင်နှစ်ပင်ညီလာခံအပါ နအဖစစ်အုပ်စုကိုပါ သေဒဏ်ပေးဖို့ ဆန္ဒပြနေကြတယ်။

နအဖအဖို့ အလစ်ခံလိုက်ရတာလို့ မပြောနိုင်ဘူး။ သူတို့ပြင်ဆင်ထားတာတွေ အများကြီးပဲ။ ဒါပေမယ့် သူတို့တွက်ထားတာထက် ဖြိုခွဲရခက်နေတာတော့ အမှန်ပဲ။ ဆန္ဒပြပွဲတခုကို ဖြိုခွဲရတာ မခက်ဘူး။ ဒါပေမဲ့ ဆန္ဒပြပွဲမှန်သမျှ ပျောက်သွားအောင်လုပ်ဖို့ကျတော့ သူတို့ထင်သလိုမလွယ်တာ တွေ့နေရတယ်။ နောက်ပြီး ဒါတွေဟာ အခုမှ အစပဲရှိသေးတယ်ဆိုတာကို ဗမာပြည်ရဲ နိုင်ငံရေးအကြောင်း နားလည်သူတိုင်း သဘောပေါက်ကြတယ်။ နအဖလည်း ကောင်းကောင်းနားလည်တယ်။ သူခိုးနဲ့ အိမ်ရှင်သာသိတယ်ဆိုတာမျိုး။ အခုကိစ္စဟာ လောင်စာဆီ ပြဿနာသက်သက်မဟုတ်ဘူးဆိုတာလည်း ရှင်းနေတယ်။

အမှန်ပဲ၊ အစဆိုတော့ ပါဝင်တဲ့ဦးရေ နည်းနေသေးတယ်။ တချို့က ပြည်သူလူထုကြီး ပါမလာရကောင်းလားလို့ စိတ်တို၊ စိတ်ပျက်တာတွေ ကြားနေ၊ တွေ့နေရတယ်။ တချို့ကဆိုရင် ပြည်သူလူထုဟာ ကြောက်တယ်လို့တောင် နိဂုံးချုပ်ကြတယ်။ လောကမှာ ကိုယ်လုပ်တဲ့ အလုပ်တိုင်း သူများလိုက်မလုပ်တာကို သတ္တိနည်းတယ်လို့ လက်ညှိုးထိုးလို့ မဖြစ်ပါဘူး။ ဘာကြောင့် အဲဒီလို ကွာဟနေတယ်ဆိုတာကို သေသေချာချာ လေ့လာပိုင်းခြားနည်းနာရှာဖို့ပဲဖြစ်တယ်။

လမ်းပေါ်မှာ ဆန္ဒပြနေကြသူတွေက ပတ်ဝန်းကျင်ကလူတွေကို "မကြောက်ကြပါနဲ့၊ ထွက်ခဲ့ကြပါ၊ ပူးပေါင်းလှည့်ပါ"လို့ လှမ်းပြီးခေါ်တာ မဆန်းဘူး။ ဒါပေမဲ့ ဆန္ဒပြပွဲအောင်မြင်မှုမရတာ လူထုကြီး ကြောက်နေလို့ဆိုပြီး နိဂုံးချုပ်လို့ကတော့ အမှားကြီးမှားကြလိမ့်မယ်။ ဗမာပြည်သမိုင်းမှာ နာမည်ကြီးလှတဲ့ လူထုအပေါ်အမြင်မှားမှု၊ ပြစ်မှားမှုကြီးတခုကို ကြားဖူးကြမယ်ထင်တယ်။ အလံနီသခင်စိုးကိစ္စပဲ။ ဗကပထဲက ခွဲထွက်ပြီးစမှာ တခြားသူအားလုံးကို အချောင်သမားလို့ အပြစ်တင်ပြီး လက်မတွဲနိုင်ဘူးလို့ ကြေငြာထားတဲ့ သခင်စိုးဟာ ရန်ကုန်မှာ လူထုဆန္ဒပြပွဲကြီးတခုကို သူတို့ချည်းဖော်ထုတ်ဖို့ စည်းရုံးတရားဟောတော့ လူထုက ထွက်မလာဘူး။ သူတို့အလံနီလေးလက်တဆုပ်စာလောက်ဆိုတော့ အစိုးရက ရေပိုက်တွေနဲ့ အလွယ်တကူ ဖြိုခွဲပစ်လိုက်တယ်။ အဒီအခါမှာ အတော်ရှက်သွားတဲ့ သခင်စိုးက "ရန်ကုန်မြို့က လူထုဟာ လူထုမဟုတ်ဘူး၊ လဒူပဲ"လို့ ပြောခဲ့တယ်။ အဲဒီစကားဟာ ရာဇဝင်ကိုတွင်ရော ဆိုတာမျိုးဖြစ်ခဲ့တယ်။ ဆိုလိုတာ လူထုကို သေသေချာချာ အကဲဖြတ်တာ၊ ပါလာအောင်လုပ်တာတို့ဟာ အရည်အချင်းတခုဖြစ်တယ်။ လူထုဟာ သမိုင်းဖန်တီးသူဖြစ်တယ်ဆိုတာ တရားသဘော၊ သမိုင်းခေတ်နဲ့ ချီပြီး ပြောတာဖြစ်တယ်။ လှုပ်ရှားမှုတခု၊ တိုက်ပွဲတခုစီအတွက် သီးခြားစီခွဲခြမ်းစိပ်ဖြာသုံးသပ်ပြီး လုပ်ငန်းစဉ်တွေ၊ နည်းပရိယာယ်တွေ ချမှတ်ရတယ်။

လူထုနဲ့ပတ်သက်လာရင် ကိုယ်က သူ့ဆီကို သွားရတာဟာ အခြေခံတရားဖြစ်တယ် ဆိုတာမမေ့သင့်ဘူး။ ကိုယ်က သူ့ဆီကို ထဲထဲဝင်ဝင်သွားနိုင်မှ သူက ကိုယ့်ဆီကိုလာမှာ။ ကိုယ်က အမိန့်ပေးသလို ငါ့နောက်လိုက်ခဲ့ကြလို့ ခေါ်နေလို့မဖြစ်ဘူး။ လူထုမပါပဲ ကိုယ်ကဘာမှ လုပ်လို့မရဘူး၊ လူထုဘက်ကတော့ ဒီခေါင်းဆောင်ကို မကြိုက်ရင် နောက် ခေါင်းဆောင်ကို ရွေးချယ်လို့ရတယ်။ ဒီနိုင်ငံမှာ ဒီလူထုပဲရှိတယ်။ ကိုယ့်မှာ ရွေးစရာမရှိဘူး။ ဒီလူထု လက်ခံသဘောပေါက်အောင် ဘယ်လိုလုပ်ရမယ် ဆိုတာပဲ စဉ်းစားသင့်တယ်။

တပွဲထဲ၊ တချီထဲနဲ့ လူထုတရပ်လုံး လမ်းပေါ်တက်လာတယ် ဆိုတာ ဘယ်သမိုင်းမှာမှ မရှိဘူး။ ရှစ်လေးလုံးအရေးတော်ပုံကြီးရှေ့မှာ ဇာတ်တိုက်တာတွေ ဘယ်နှစ်ကြိမ်၊ ဘယ်နှစ်လီလုပ်ခဲ့ရတယ်ဆိုတာ ပြန်စဉ်းစားကြည့်ပါ။ ကိုယ့်ဘက်က ဘယ်လောက် ပြင်ဆင်မှုတွေ လုပ်ထားတယ်ဆိုတာလည်း အရေးကြီးတယ်။ အမာခံအတွင်းစည်း တည်ဆောက်တာဟာ အရည်အတွက်အားဖြင့် ဘယ်လောက်များလို့ ဘယ်လောက်ကျယ်ပြန့်သလဲ။ နောက်ပြီး လူထုထဲကို ဘယ့်ကလောက် စိမ့်ဝင်ထားနိုင်သလဲဆိုတာလည်း ပြန်ဆန်းစစ်ရမယ်။ အရင်တုန်းက တနေရာရာက ဖောက်ခွဲလိုက်ရင် အုံကြွလိုက်လာကြတယ်ဆိုတာဟာ သူ့ရှေ့က၊ သိပ်မကြာလှသေးတဲ့ ကာလအတွင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ အရေး အခင်းတွေ ရှိနေလို့ဆိုတာဟာ တကြောင်းဖြစ်တယ်။ အခုဟာက အဲဒီလို ရှေ့ပြေးတွေစပြီး ဖော်ထုတ်နေတဲ့ အဆင့်မျိုးပဲရှိသေးတယ်။ နောက်ပြီး အရင်ကလည်း အဲဒီလိုဖောက်ခွဲတုန်းမှာပဲ အဖမ်းခံသွားရတယ်ဆိုတဲ့ အဖြစ်အပျက်မျိုးတွေလည်း မနည်းဘူးဆိုတာ မမေ့သင့်ဘူး။

ဒါပေမယ့် ပြည်သူလူထုဟာ ဒီနေ့ဖြစ်နေတာတွေကို မျက်စိမှိတ်၊ နားပိတ်ထားကြတာမဟုတ်ဘူး။ သူတို့မျက်စိဖွင့်၊ နားစွင့်ပြီး စောင့်ကြည့်နေကြတာသာဖြစ်တယ်။ ဘယ်သူတွေပါသလဲ၊ ဘယ်သူတွေ မပါဘူးလဲ၊ သူတို့ခေါင်းထဲမှာ စဉ်းစားနေတာပဲ။ သူတို့ လေးစားယုံကြည်တဲ့ ဘယ်သူဘယ်ဝါတွေက ဘယ်လိုတုန့်ပြန်သလဲ။ ဘယ်လိုသဘောထား ဖော်ပြသလဲ။ သူတို့မဲဆန္ဒပေးခဲ့တဲ့ လူတွေ ဘယ်လို

အခန်းက ပါဝင်သလဲ။ ဒါတွေအားလုံးကို ထည့်တွက်ကြတာ ဓမ္မတာဖြစ်တယ်။ ကိုယ့်အိမ်နီးနားချင်း ထဲက ဘယ်သူတွေပါသလဲ၊ ကိုယ်သိတဲ့လူပါသလား၊ ဒါ့အပြင် ဘယ်သူတွေ၊ ဘယ်သူတွေ မပါသေးသရွေ့တော့ မပါသေးဘူးဆိုတဲ့ စဉ်းစားနည်းမျိုး လူထုမှာ ရှိတတ်ကြတာပဲ။ ဒါမဆန်းဘူး။ လူထုကို နိုင်ငံရေးသမားလို တွက်တာ၊ စဉ်းစားတာ၊ တောင်းဆိုတာဟာ ကိုယ် သူငယ်နာမစင်သေးတာကို ပြတာသာဖြစ်တယ်။

ဗမာပြည်မှာ လူထုအုံကြွမှုတွေ မပေါ်စေချင်တဲ့၊ ဗမာပြည် ပြဿနာကို စစ်အစိုးရအလိုကျ လိုက်လျောဖြေရှင်းစေချင်ကြတဲ့ ဗမာ ပြည်သား တချို့နဲ့ နိုင်ငံခြားသားတချို့တွေဟာ လူထုမပါတာကို ထောက်ပြပြီး ညောင်နှစ်ပင်ကိုလက်ခံခိုင်းနေကြတယ်။ စစ်ကားကြီးတစင်း ဒုန်းစိုင်းမောင်း ဝင်လာတာကို ရှေ့ကနေဝင်မတားနဲ့ စပယ်ယာလုပ်ပြီး စစ်ဗိုလ်ကို ယပ်ခတ်ပေးဖို့ တိုက်တွန်းနေတဲ့ ပုဂ္ဂိုလ်တွေဟာလည်း သူတို့ ပြောသာမယ့် အကွက်ကို စောင့်နေကြတယ်။ အခုအထိတော့ သူတို့ ဘာမှ မပြောနိုင်ကြဘူး။ ချောင်မှာ ကုတ်နေကြတယ်။ ဒီနေ့တိုက်ပွဲဟာ ကျားနဲ့ ဆင် လယ်ပြင်တွေ့နေတဲ့ အနေအထားဖြစ်တယ်။ နအဖဟာ ဘယ်လို ကြားဝင်မှုကိုမှ လက်မခံဘူး၊ သေတဲ့အထိ မိုက်ဖို့ ဆုံးဖြတ်ထားတယ်ဆိုတာ ရှင်းနေတယ်။

သူတို့ဟာ သူတို့ရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံ အတည်ဖြစ်ဖို့အတွက် ဘာမဆိုလုပ်မှာပဲ။ အဲဒါဟာ ဗမာပြည်နိုင်ငံရေးနဲ့ ဗမာပြည်ရဲ့အနာဂတ်၊ ဒီမိုကရေစီရေးတို့ကို သေဒဏ်စီရင်တာ ဖြစ်မှာပဲ။ ဒါကို ပျက်အောင်ဖျက်ဖို့ဟာ ဒီနေ့အရေးကြီးတာဝန်ပဲ။ တကယ်တော့ လူထုဆန္ဒခံယူပွဲအဆင့် ရောက်သွားတယ်ဆိုရင်ပဲ နအဖအဖို့ အမြတ်ရသွားပြီ။ အဲဒီအဆင့်မှာ သူတို့ဖွဲ့စည်းပုံကိုထောက်ခံမဲရအောင် နည်းမျိုးပေါင်းစုံနဲ့ ညစ်မယ်ဆိုတာ ဘာမှသံသယဖြစ်စရာမလိုဘူး။ အဲဒီလိုနည်းနဲ့ အတည်ပြုလို့ရရင်ရ၊ မရရင်။ မရရင်ကော ဘာထူးမှာလဲ။ သူတို့လက်ရှိပုံစံအတိုင်း ဆက်အုပ်ချုပ် သွားလို့အကြောင်းပြစရာ ရသွားတာပဲဖြစ်မယ်။ ဒါကြောင့် ဆန္ဒခံယူပွဲဆိုတာ နအဖအဖို့တော့ နိုင်လည်းနိုင်၊ ရှုံးလည်းနိုင်ပဲ။

ဒီနေ့အခါမှာ ကိုယ့်ကိုထောက်ခံတဲ့ မီဒီယာတွေ ရှိနေတယ်ဆိုတာ သမိုင်းရဲ့ထူးခြားချက်ပဲ။ အင်မတန်ကောင်းတဲ့ အချက်လည်းဖြစ်တယ်။ ဒါပေမဲ့ မီဒီယာနဲ့ မြေအောက်လှုပ်ရှားမှုဟာ ပြဒါးတလမ်း၊ သံတလမ်း ဖြစ်တယ်ဆိုတာကို သတိပေါ့လို့မဖြစ်ဘူး။ နောက်ပြီး ဒီမီဒီယာတွေက အေးလွင်တို့၊ ဇာနည်တို့လို လူတွေကိုလည်း စင်ထိုးပေးနေတယ်ဆိုတယ်။ မီဒီယာနယ်ပယ်မှာ မထင်မှတ်ပဲနဲ့ စစ်ပွဲတွေဖြစ်ပေါ်နေတယ်။ အဲဒီစစ်ပွဲဟာ ပြည်သူ လူထုရဲ့ အတွေးအခေါ်ကို အနည်းနဲ့ အများ ဂယက်ရိုက်တယ်။

ပြည်သူလူထုဟာ နအဖအကြောင်း မသိတာမဟုတ်ဘူး၊ သိတယ်။ ဒါပေမဲ့ တိုက်ပွဲဝင်ဖို့၊ လူထုလှုပ်ရှားမှုကြီးတွေ ဆင်နွှဲဖို့ အတွေးအခေါ်အရ အသင့်ဖြစ်ပြီလား။ ဒီနှစ်ဆင့်ဟာ မတူဘူး။ အတွေးအခေါ် အဆင့်ရောက်အောင်ဆိုတာ လက်တွေ့အပါ နည်းပေါင်းစုံနဲ့ တဆင့်မြှင့်တင်ရသေးတယ်။ နောက်ပြီး လိုအပ်ရင်ရဲဆေးတင်တဲ့ တိုက်ပွဲတွေလည်း ဖြတ်သန်းစေရသေးတယ်။

**“တခုကတော့ သေချာတယ်။ ပြည်သူလူထုဟာ ဘယ်တော့မှ သစ္စာမဖောက်ဘူး။ ”**

XXXXXXX

# ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့မှ လတ်တလော မြန်မာပြည်ဆန္ဒပြပွဲများအကြောင်း ဗီစီဒီနှင့် သတင်းလွှာ ထုတ်ဝေဖြန့်ချိ



ဩဂုတ်လ ၁၅ ရက်နေ့ မှစတင်၍မြန်မာပြည်တွင် ဖြစ်ပေါ်လျှက်ရှိသည့် ငြိမ်းချမ်းစွာ စီတန်း လမ်းလျှောက်ဆန္ဒပြပွဲများအကြောင်း ရိုက်ကူးထားသည့် မှတ်တမ်းတင်ဗီစီဒီတစ်ခွေနှင့် သတင်း မှတ်တမ်းလွှာတစ်စောင်ကို ရောင်ခြည်ဦးအလုပ်သမားများအဖွဲ့ က ဩဂုတ်လ ၂၆ ရက်နေ့တွင် အခမဲ့ထုတ်ဝေ ဖြန့်ချိခဲ့သည်။ အဆိုပါ ဗီစီဒီခွေတွင် ၈၈ မျိုးဆက်ကျောင်းသားများ၊ အလွှာပေါင်းစုံမှ ပြည်သူများ၊ အထွေထွေကုန်ဈေးနှုန်းကျဆင်းရေးအတွက် တရား ဟောနေကြသည့် ကျောင်းသား များနှင့် လူထုများ အားပေးထောက်ခံကြသူများတို့၏ ရုပ်သေနှင့် ရုပ်ရှင်ဓါတ်ပုံများ၊ ငြိမ်းချမ်းစွာ စီးတန်းလမ်းလျှောက်လာ သူများအား ကြံ့ဖွံ့ နှင့် စွမ်းအားရှင်အဖွဲ့ဝင်များက ဟန့်တားနှောက်ယှက်၊ အဓမ္မရိုက်နှက်ဖမ်းဆီး၍ ကားပေါ်ဆွဲတင်နေပုံများ ပါဝင်သည်။

သတင်းမှတ်တမ်းလွှာတွင်မူ ဩဂုတ် ၁၅ ရက်နေ့ မှစ၍ ၂၇ ရက်နေ့ ထိ သတင်းမှတ်တမ်း များ၊ ဓါတ်ပုံများနှင့် ဂုဏ်ပြုဆောင်းပါးနှင့် ကဗျာများပါဝင် သည်။ အဆိုပါ မှတ်တမ်းတင် ဗီစီဒီအခွေနှင့် သတင်းမှတ်တမ်းလွှာအား မဲဆောက်ရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများအကြား အထူးစိတ်ဝင်စား လျှက်ရှိကြောင်း သိရသည်။

XXXXXXX

# ကိုယ်တိုင်တိုက်ခွဲခြင်း

တူမောင်ညို

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၂၃

တကယ်တော့ ဘယ်ခေတ်ကနဲ့မှမတူတာတွေကို ဖန်တီးတည်ဆောက်နိုင်သူတွေဟာ ပြည်သူတွေပဲဖြစ်ပါသည်။

(နအဖ) စစ်အစိုးရကလည်း ဘယ်ခေတ်ကနဲ့မှ မတူတာတွေတည်ဆောက်ဖြစ်ပေါ်နေပြီလို့ကြွားလုံးထုတ်နေတာက အခြားအဓိပ္ပါယ်တစ်မျိုး ဖြစ်ပါတယ်။

ဘယ်ခေတ်ကနဲ့မှမတူတာတွေထဲမှာ အောက်ပါအချက်တွေပါဝင်တယ်။

– နိုင်ငံရေးခေါင်းဆောင်တွေ၊ နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူအမြောက်အများကို နှစ်ရှည်ထောင်ချမှတ်ထားရတာ၊

– တရားဝင်နိုင်ငံရေးပါတီများ၊ ဥပဒေဘောင်ထဲဝင်လာတဲ့ အဖွဲ့အစည်းတွေ နိုင်ငံရေး၊ လူမျိုးရေး စည်းရုံးလှုပ်ရှားခွင့် မရှိတာ၊

– အထွေထွေစားသောက်ကုန်ဈေးနှုန်းနဲ့ စရိတ်စကတွေ အဆမတန်ထိုးတက်နေတာ

- အကျင့်ပျက်လာဘ်စားမှုတွေဖြစ်ပေါ်နေတာ၊

- ပညာရေး၊ ကျန်းမာရေးအဖက်ဖက်ကနိမ့်ကျနေတာ၊

ဒီဖြစ်ရပ်များဟာ (နအဖ) စစ်အစိုးရနေတဲ့ကာလမှာ အဓိကဖြစ်ပျက်နေတဲ့ ဘယ်ခေတ်ကနဲ့မှမတူတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေဘဲ ဖြစ်ပါတယ်။

ဒီလိုဖြစ်နေရတာတွေရဲ့ အဓိကဇစ်မြစ်ဟာ တိုင်းပြည်မှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ နိုင်ငံရေးပြဿနာတွေကို အသိအမှတ်မပြုတာ၊ နိုင်ငံရေး ပြဿနာကို နိုင်ငံရေးနည်းအရမဖြေရှင်းလိုတာတွေရဲ့ တိုက်ရိုက်အကျိုး ဆက်တွေကြောင့်ပဲ ဖြစ်ပါတယ်၊ စီးပွားရေးဘက်မှာလည်း စီမံဆောင်ရွက်မှုညံ့ဖျင်းတဲ့ အတွက်ကြောင့် အကျင့်ပျက်လာဘ်စားမှုတွေတိုးများလာပြီး အထွေထွေကုန်ဈေးနှုန်းတွေ ဒီရေတက်သလို တရိပ်ရိပ်တက်လာနေတာဖြစ်ပါတယ်။

(နဝတ–နအဖ) စစ်အစိုးရအုပ်စိုးနေတဲ့ကာလမှာ အမြဲတိုးတက်နေတာဆိုလို့ ကုန်ဈေးနှုန်းတစ်ခုဘဲ လက်ညှိုးထိုးပြရမှာပါ။ တံတားတွေလမ်းတွေ ဖောက်ပါတယ်၊ ဆောက်ပါတယ်၊ အများကြီးပါ ကိုယ်တွေ့မျက်မြင်ပါဘဲ။ သွားလာရေးတွေ လွယ်ကူဖြောင့်ဖြူးလာပါတယ်။ ဧရာဝတီမြစ်ကူးတံတားကြီးတွေ အရင်ကထက်များလာပါတယ်။ ဒါပေမယ့်ဘယ်လောက်ပဲ လမ်းတွေတံတားတွေဖောက်ဖောက်၊ ဆောက်ဆောက် ကုန်ဈေးနှုန်းက ခေါင်းမာမာနဲ့ တက်မြဲ တက်ဆဲပါပဲ။

ဝိသမလောဘသမားကုန်သည်တွေကြောင့်လို့ ထမင်းရည်ပူလာလျှာလွှဲလုပ်ဦးမလား။

(နဝတ–နအဖ) စစ်အစိုးရခေတ်မှာ တွင်ကျယ်နိုင်တဲ့စီးပွားရေးလုပ်ငန်းရှင်ကြီး ဆိုတာတွေဟာ (နဝတ–နအဖ) ထိပ်သီးစစ်ဗိုလ်ချုပ်ကြီးတွေနဲ့ စားဖော် သောက်ဖက်တွေပါ၊ ခမည်းခမက်တော်စပ်နေကြသူတွေဖြစ်ပါတယ်။ တိုင်းပြည်ရဲ့စီးပွားရေး အချက်အချာမှန်သမျှ လုပ်ပိုင်ခွင့်မှန်သမျှကို သူတို့ကဘဲ လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားကြတာပဲဖြစ်ပါတယ်။ လှိုင်သာယာမြို့သစ်က လက်လီဆန်ဆိုင်ကလေးတွေကြောင့် ဆန်ဈေးနှုန်းတွေတက်ရတာမဟုတ်ပါဘူး။

လယ်ယာသစ်တောထွက်ကုန်ပစ္စည်းမှန်သမျှ လွတ်လပ်စွာလက်ဝါးကြီးအုပ်ချုပ်ကိုင်ပြီး ရောင်းနိုင်၊ ဝယ်နိုင်၊ သိုလှောင်၊ ကြိတ်ခွဲနိုင်သူတွေဟာ ဘယ်သူတွေလဲ၊ အင်ပို့/အိတ်စ်ပို့တင်သွင်းခွင့်ပါမစ်တွေ ရရှိနေသူတွေဟာ ဘယ်သူတွေလဲ၊ မြန်မာတိုင်းရင်းသားတစ်ဦးတည်းပိုင် 'အဲပုဂံ' လေကြောင်းလို (နအဖ)ထိပ်သီးကြီးတွေနဲ့ နီးနီးကပ်ကပ်ဆက်စပ်နေသူတွေဘဲ မဟုတ်ပါလား။

စစ်အစိုးရခေတ်မှာ စစ်အစိုးရနဲ့ပေါင်းဖက်နိုင်သူတွေပဲ တွင်ကျယ်နိုင်တာပဲဖြစ်ပါတယ်။ (နအဖ) စစ်အစိုးရပြောနေတဲ့ ဘယ်ခေတ်ကမှမရှိတဲ့ အခွင့်အခါကောင်းတွေဆိုတွေ အဲဒီလိုအခွင့်အလန်းတွေကိုပြောနေတာဖြစ်ပါလိမ့် မယ်။

နောက်ပြီးတော့ ညောင်ပင်ကြီးလောက်ရှိတဲ့ သိန်းရာထောင်လှူကြီးတွေကို လှူဒါန်းပြီး ခေတ်ပျက်ဇာတိကဘွဲ့ခံယူ နေကြသူတွေဟာ ဘယ်သူ တွေလဲ။ ဒီလိုဘွဲ့ထူးတွေကို ဘယ်သူကပေးပြီး ဘယ်သူတွေကယူနေကြတာလဲ၊ ဘယ်လောက်အပေး အယူမျှလာတဲ့ အပေးအယူပွဲတွေဖြစ်ပါသလဲ။ ဘယ် ခေတ်မှာမှ မရှိခဲ့တာသေချာပါတယ်။

သိန်းရာထောင်လှူပြီး 'မဏိဇောတ' တို့ 'သီရိသုဓမ္မသိင်္ဂီ' တို့လို ဘွဲ့တွေပေးနေယူနေကြတာဖြစ်ပါတယ်။ 'ဝင်း–ဝင်း' သီအိုရီကို လက်တွေ့ ပြသနေတဲ့ သဘောဖြစ်ပါတယ်။

ဒါကြောင့် ကုန်ဈေးနှုန်းတက်တာကို ဈေးကစားတဲ့ ဝိသမလောဘသားကုန်သည်ပွဲစားတွေကြောင့်လို့ မဆင်မခြင် လက်ညှိုးထိုးအပြစ်ရှာမယ်ဆိုရင် (နအဖ) စစ်အစိုးရအနေနဲ့ ကိုယ့်ဘာသာကိုယ်ပြန်လက်ညှိုးထိုးနေသလိုဖြစ်နေပါလိမ့်မယ်။

ပြီးတော့ (နအဖ) စစ်အစိုးရရဲ့ဈေးကွက်စီးပွားရေးစနစ်ဆိုတာကလည်း ထိပ်သီးစစ်ဗိုလ်ချုပ်တွေ၊ အရင်းကြီးသူတွေ ထိပ်သီးဗိုလ်ချုပ်တွေနဲ့ နီးစပ်တဲ့ သူတွေကသာ ဆန်စပါး၊ ပြည်ပပို့ကုန်ပဲမျိုးစုံ၊ ငါးပုဇွန်၊ သစ်၊ ကျောက်မျက်ရတနာ၊ စားအုန်းဆီ၊ စက်သုံးဆီ၊ ကန်ထရိုက်အိမ်ယာတည်ဆောက်ရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေး၊ သယ်ယူပို့ဆောင်ရေး၊ လမ်းတံတားတည်ဆောက်ရေး၊ နယ်စပ်ကုန်သွယ်ရေးစတဲ့ တိုင်းပြည်ရဲ့စီးပွားကုန်သွယ်ရေး အသက် သွေးကြောမှန်သမျှကို ချုပ်ကိုင်ချယ်လှယ်နေတာဘဲဖြစ်ပါတယ်။

ဈေးကွက်ကိုချယ်လှယ်နိုင်တာ၊ လိုသလိုဈေးနှုန်းကို ဖန်တီးချယ်လှယ်နေနိုင်တာ အာဏာနဲ့အရင်းအနှီးကို ကြိုးတစ်ချောင်းပမာ ကျစ်လိမ်ထားနိုင်တဲ့ စစ်ဗိုလ်ချုပ်တွေနဲ့ ခေတ်ပျက်ဇော်တိက လက်သစ်တွေပဲဖြစ်ပါတယ်။ လက်လီဈေးသည် ဝယ်ရောင်းတွေက ဈေးမကစားနိုင်ရှာပါဘူး။

ဒါကြောင့် (နဝတ–နအဖ) စစ်အစိုးရလက်ထက်မှာ ကုန်ဈေးနှုန်းတွေကျဆင်းမသွားဘဲ တက်မြဲတက်ဆဲဖြစ်နေတာ ဘာမှမထူးဆန်းပါဘူး။ (နဝတ–နအဖ) စစ်အစိုးရ အုပ်စိုးနေတဲ့ နှစ် ၂၀ နီးပါးကာလမှာ လုပ်ခလစာတိုးပေးခဲ့တာ (၄) ကြိမ်ရှိခဲ့ပါပြီ။ ဘယ်လိုပဲတိုးခဲ့တိုးခဲ့၊ ထိပ်ဆုံးက ကုန်ဈေးနှုန်းကိုတော့ တိုးပေးတဲ့လစာလုပ်ခက လိုက်လို့မမီခဲ့ပါဘူး။ရသမျှလစာလုပ်ခနဲ့ အထွေထွေကုန်ပစ္စည်းဈေးနှုန်းက မိုးနဲ့မြေပမာဝေးကွာဆဲ ဝေးကွာမြဲပါပဲ။

ဒီလိုအခြေအနေဒီလိုအနေအထားအောက်မှာ (နအဖ)စစ်အစိုးရဟာ ညှာတာမှုကင်းမဲ့လွန်းစွာဖြင့် ကြိုတင်အသိပေး အကြောင်းကြားမှုမရှိဘဲ၊ လောင်စာဆီဈေးနှုန်းများကို ဩဂုတ်လ (၁၅) ရက်နေ့မှာ ရုတ်တရက်တိုးမြှင့်လိုက်ပါတယ်။

ဒီတော့အကျိုးဆက်က အခြားသော အထွေထွေကုန်ပစ္စည်းဈေးနှုန်းများကလည်း တိုးမြှင့်လိုက်တဲ့လောင်စာဆီဈေး နှုန်းရဲ့ပမာဏကိုလိုက်ပြီး ထောင်တက်သွားပါတော့တယ်။

ဒီလိုအထွေထွေကုန်ပစ္စည်းဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ခါးစီးခံရသူတွေက ဘယ်သူတွေလဲ။

အလုပ်သမား၊ လယ်သမား၊ မြို့နေဆင်းရဲသားဝန်ထမ်းအများစုကြီးပဲဖြစ်ပါတယ်။

ရတဲ့လစာလုပ်ခနဲ့တိုးမြင့်သွားတဲ့ အထွေထွေကုန်ပစ္စည်းဈေးနှုန်းကလိုက်လို့မမီတော့ပါဘူး။

ဒီတော့အလုပ်သမား၊ လယ်သမား၊မြို့နေဆင်းရဲသားဝန်ထမ်းအများစုကြီးက ဒီပြဿနာကို ဒီအတိုင်းထိုင်ကြည့်နေလို့မရတော့ဘူး၊ အထွေထွေကုန်ဈေးနှုန်း လျှော့ချပေးရေးတိုက်ပွဲကို ဝင်မလား၊ ဒါမှမဟုတ် မြင့်တက်လာတဲ့ကုန်ဈေးနှုန်းနဲ့အညီ လစာလုပ်ခတိုးမြင့်ပေးရေးတိုက်ပွဲကို ဝင်မလားဆိုတဲ့ လမ်းကို မဖြစ်မနေရွေးချယ်ရပါတော့မယ်။ ဒီလမ်းကြောင်းမရောက်ရောက်အောင် တွန်းပို့ဖန်တီးခဲ့တဲ့ အဓိကလက်သည်တရားခံဟာ (နအဖ) စစ်အစိုးရကိုယ်တိုင်ပဲ ဖြစ်ပါတယ်။

အလုပ်သမား၊ လယ်သမား၊ မြို့နေဆင်းရဲသားဝန်ထမ်း ဆိုတာ မြန်မာပြည်ရဲ့ အဓိကကုန်ထုတ်စွမ်းအားစုတွေဖြစ်ပါတယ်။ လူဦးရေရဲ့ အများစုကြီးလည်းဖြစ်ပါတယ်။ ပဒေသရာဇ်ခေတ်၊ ကိုလိုနီခေတ်၊ ဖက်ဆစ်ဂျပန်ခေတ်၊ (ဖဆပလ) ခေတ်၊ မဆလခေတ်၊ (နဝတ–နအဖ) ခေတ်အဆက်ဆက်မှာ ဆုံးရှုံးခဲ့ရတဲ့ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး အတွက် ကိုယ်တိုင်ကိုယ်ကျ တိုက်ပွဲဆင့်ခဲ့ရတာပါ။ အုပ်စိုးသူအဆက်ဆက်က သဘောထားရက်ရောပြီး ပေးအပ်ခဲ့တာမရှိပါဘူး။ စွန့်လွှတ်စွန့်စားပြီး၊ သေခံပြီးတိုက်ယူခဲ့ကြရတာဖြစ်ပါတယ်။

တည်ဆဲဥပဒေနဲ့လက်ရှိတရားဥပဒေဘောင်ဆိုတာကလည်း အုပ်ချုပ်ခံပြည်သူတွေအတွက် ငြိမ်ဝပ်ပိပြားရေးနဲ့ ကျိုးနွံ နာခံစေရေးသက်သက်မျှသာ ဖြစ်ပါတယ်။

တည်ဆဲဥပဒေနဲ့ လက်ရှိတရားဥပဒေဘောင်ထဲကနေ ငြိမ်းချမ်းစွာတောင်း ဆိုနေရုံနဲ့မရနိုင်တော့ပါဘူး။ တခြားဝေးဝေးကြည့်မနေပါနဲ့ ၁၉၉၀ ပြည့် ရွေးကောက်ပွဲမှာ ပြည်သူတွေကမဲပုံပေးခဲ့တဲ့ တရားဝင်နိုင်ငံရေးပါတီတွေ၊ ဥပဒေဘောင်ထဲ ဝင်ရောက်ခဲ့ကြပြီး လက်နက်နဲ့ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေရဲ့ လက်တွေ့ဘဝကိုဘဲ တချက်လောက်ကြည့်လိုက်ပါ။

အခုလို အထွေထွေကုန်ဈေးနှုန်းကြီးမြင့်လာမှုကြောင့် ပြည်သူများနစ်နာနေရမှုအပေါ် နိုင်ငံရေးပါတီများနဲ့ တိုင်းရင်းသားအဖွဲ့အစည်းများက ဘယ်လိုဆောင်ရွက်ပေးနိုင်မည်နည်း။ ရှေ့ဆောင်ရှေ့ရွက်ပြုလုပ်ရန်တာဝန်ရှိပါတယ်။

ဒါပေမယ့် ဘာပဲဖြစ်ဖြစ်ရင်ဆိုင်နေရတဲ့ နိုင်ငံရေးစီးပွားရေးအထွေထွေကြပ်တည်းမှု၊ ဖိနှိပ်မှုများကနေ လွတ်မြောက်စေရန် အလုပ်သမား၊ လယ်သမား၊ မြို့နေဆင်းရဲသားဝန်ထမ်းအများစုကြီး ကိုယ်တိုင်ကိုယ်ကျတိုက်ပွဲဝင်ကြဖို့ဘဲ ရှိပါတော့တယ်။

အခြားနည်းလမ်းမရှိပါဘူး။

ဆန္ဒပြတာ၊ ဆန့်ကျင်ကန့်ကွက်တာ၊ ထကြွတော်လှန်တာတို့ဆိုတာတွေဟာ ဖိနှိပ်ကြပ်တည်းမှုရဲ့ တိုက်ရိုက်အကျိုးဆက်ရလဒ်တွေသာဖြစ်ပါတယ်။ ဖိနှိပ်မှု၊ ကြပ်တည်းမှုတွေရှိနေရင် ထကြွတော်လှန်မှုဆိုတာတွေရှိနေမည်သာဖြစ်ပါတယ်။ ဖိနှိပ်မှုကိုထကြွတော်လှန်ပုန်ကန်တယ်ဆိုတာ ထာဝစဉ်မှန်ကန်နေတဲ့ တရားဖြစ်ပါတယ်။

ယခုလည်း (နအဖ)စစ်အစိုးရက လောင်စာဆီဈေးနှုန်းတွေတိုးမြှင့်ပြီး သူကိုယ်တိုင်က လူထုထကြွတော်လှန်လာအောင် အစပျိုးပေးလိုက်တာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် (နအဖ)စစ်အစိုးရက လူထုလှုပ်ရှားမှုကို ရှေ့ဆောင်မည့်သူများကို တရားခံရှာနေပြန်ပါတယ်။ ဖမ်းဆီးစစ်ဆေးနေပြန်ပါတယ်။ ဖြစ်ပေါ်လာမည့် လူထုအုံကြွတော်လှန်မှုမှန်သမျှကို လမ်းဖွင့်ပေးလိုက်သူဟာ (နအဖ)စစ်အစိုးရကိုယ်တိုင်သာလျှင် ဖြစ်ပါတယ်။

ယခု ကျွန်တော်တို့ပြည်သူတွေ ဘယ်ခေတ်ကမှ မကြုံဖူးမကြားဖူးတဲ့ ဖိနှိပ်မှု၊ ကြပ်တည်းမှုတွေကို လက်ငင်းကြုံတွေ့နေရပါတယ်။

ဒါကြောင့် ဘယ်ခေတ်ကမှ မကြုံဖူးခဲ့တဲ့ ဖိနှိပ်မှု၊ ကြပ်တည်းမှုတွေကို ဘယ်ခေတ်မှာမှ မရှိဖူးသေးတဲ့ အရှိန်အဟုန်ဖြင့် ထကြွတော်လှန်ကြပါစို့။

တူမောင်ညို

xxxxxxx

# အရိုင်းနဲ့ အယဉ်

## (အာဏာရှင်နဲ့ လူထုရှေ့ဆောင်တွေ)

ဦးချိုရှိတဲ့ သတ္တဝါက ဦးချိုနဲ့ဝှေ့၊ အစွယ်ရှိတဲ့ သတ္တဝါက အစွယ်အားကိုးနဲ့ ကိုက်ဖြတ်တတ်၊ ခွာရှိတဲ့ သတ္တဝါက ခွာနဲ့ခုတ်ဖို့ကြိုးစားတာ သဘာဝပဲ။

မြန်မာနိုင်ငံက အကျဉ်းထောင်တွေမှာ အုပ်ချုပ်တဲ့ ထောင်မှူးထောင်ပိုင်တွေဟာ အကျဉ်းထောင်ကို ငြိမ်ဝပ်ပိပြားအောင် အုပ်ချုပ်တဲ့ နေရာမှာ အကျဉ်းကျနေတဲ့သူ အကျဉ်းသားဘဝတူ အချင်းချင်း၊ ဒုက္ခရောက်နေသူအချင်းချင်းကို အခွင့်အရေးနဲ့ သွေးကွဲအောင်လုပ်ပြီး ရိုက်ရဲ၊ နှက်ရဲ၊ နှိပ်စက်ရဲ လိုအပ်လာရင် သတ်ရဲ ဖြတ်ရဲတဲ့ အထိ အပြစ်ထပ်ကျူးလွန်ဖို့ ဝန်မလေးတဲ့ လူသတ်မှုခါးပြမှုနဲ့ နှစ်ကြီးကြီးကျနေတဲ့ ဆိုးပေ့မိုက်ပေ့ ဆိုတဲ့သူတွေကို နေရာပေးလေ့ ရှိပါတယ်။ ဒီလိုနဲ့ ခိုးဆိုးလုယက် လူသတ်တွေ ထောင်ထဲမှာ အခန်းလူကြီး၊ တန်းစီးဘုတ်ကိုင်၊ ဘာယာ၊ စည်းကမ်းထိန်း စတဲ့နေရာတွေကိုရကြတာ သိပ်မဆန်းတဲ့ ထုံးစံတခုပါ။ လျှော့ရက်များများပေးမယ်။ ပုံစံအသား များများစားရမယ်။ နေရာကောင်းမှာ အိပ်ရမယ်။ ရေ ဝဝ ချိုးရမယ်ဆိုတဲ့ လူ မဖြစ်လောက်တဲ့ အခွင့်အရေးလေးတွေနဲ့ သူတို့ကို မြူဆွယ်မက်လုံးပေးပြီး ဘဝတူအကျဉ်းသားအချင်းချင်းကို ရိုက်စေနှက်စေ၊ အလုပ်ကြမ်းတွေ လုပ်စေပါတယ်။ ဒီလိုနဲ့ ဦးနှောက်နည်းတဲ့ လောဘ၊ ဒေါသ၊ မောဟတွေ များလွန်းတဲ့လူတွေက ထောင်မှူးထောင်ပိုင်တွေ ခိုင်းသမျှကို လက်မရွံ့နှိပ်စက်ခဲ့၊ လုပ်ကိုင်ခဲ့ကြတာတွေကို မကြာခဏ ကြုံခဲ့ကြရပါတယ်။

ဒီနေ့ ဖြစ်တည်နေတဲ့ မြန်မာနိုင်ငံကိုလည်း အကျဉ်းထောင်ကြီး တခုလို မြင်ကြည့်ကြပါစို့။ ဒီလိုဆိုရင် သွားလေသူ သမတကြီးနှစ်ဦး၊ သွားလုဆဲ ဝန်ကြီးချုပ်တဦးနဲ့ ပြန်ကြားရေးဝန်ကြီး အပါအဝင် သမတလူကြမ်းအဖွဲ့တို့ဟာ ဒီ မြန်မာပြည်အကျဉ်းထောင်ကြီးရဲ့ နာမည်ဆိုးနဲ့ နာမည်ကျန်တော့မယ့် ထောင်ပိုင်၊ ထောင်မှူး၊ ဝါဒါ၊ တန်းစီး၊ ဘုတ်ကိုင်တွေ ဖြစ်ပါလိမ့်မယ်။

ထောင်ထဲမှာ ထုံးစံက တခုခုလုပ်တော့မယ်ဆို အကျဉ်းသား တွေကို ဘယ်တော့မှ ကြိုတင်အသိပေးလေ့ မရှိပါဘူး။ အရာရာကို တဖက်သတ် သုံးသပ်ဆုံးဖြတ်ကြတာပါ။ ခုလည်း လူထုကို ဘာတခုမှ မပြောဘဲ လောင်စာဆီဈေးနှုန်းတွေကို အဆမတန် မြှင့်လိုက်ကြပါတယ်။ တို့လက်ခုပ်ထဲ ထားရာနေ စေရာသွားကြပေ့ါ။ ဂရုစိုက်စရာလားပေ့ါ။

မနေ့က(အင်္ဂတော်ဘေး ချီတက်ဆန္ဒပြပွဲကြီး)ဆိုတဲ့ ခေါင်းစဉ်နဲ့ လူထုတွေက ရန်ကုန်မြို့လယ် လမ်းမကြီးတွေပေါ်မှာ ငြိမ်းချမ်းစွာ လမ်းလျှောက်ကြပြီး နစ်နာခံစားနေရတာတွေ အဖြစ်မှန်တွေကို တောင်းဆိုဆန္ဒပြနေကြတာ ကမ္ဘာတလွှား သတင်းမီဒီယာများစွာကနေ (နအဖ သတင်းမီဒီယာများမှအပ) အကြိမ်ကြိမ် ထုတ်လွှင့်ပြသနေခဲ့တာတွေကို တကမ္ဘာလုံးက မြင်နေခဲ့ရတယ်။ ဦးဆောင်ကြတဲ့ လူတွေထဲမှာ အမျိုးသမီးတွေကတောင် များနေတယ်လို့ သတင်းဌာနတချို့က ဖော်ပြပေးကြပါတယ်။ ၈၈ အရေးတော်ပုံနဲ့ ဘာကွာလဲ။

ပြောပါဆိုရင်တော့ ၈၈အရေးတော်ပုံအစမှာ ဦးဆောင်တဲ့ လူတွေဟာ မျက်နှာဖုံးတွေ စွပ်ကြ၊ လက်ကိုင်ပုဝါတွေ စည်းကြနဲ့ ရုပ်ဖျက်ပြီး လူထုကို စတင်လှုံ့ဆော်ခဲ့ကြတာ မှတ်မိကြမှာပါ။ နှစ် ၂၀လောက် ကြာသွားတဲ့အချိန်မှာ ဒီလူထု ရှေ့ဆောင်တွေဟာ ကျိုးကြေကုန်ကြပြီ။ ကြောက်သွားပြီလို့ နအဖတွက်ရင်တော့ တက်တက်စင်မှားပါတယ်၊ ပိုလို့ပိုလို့ ရဲရင့်လာကြတာ၊ ရင့်ကျက် ပြတ်သားလာကြတာ စည်းကမ်းကို အလေးထားလာတာ လူထုကို ယဉ်ကျေးစွာ ဦးဆောင်မှုပေးလာနိုင်တာ ကြက်သီးထဖွယ် အားတက်ဝမ်းမြောက်ဖွယ် အားကျဦးညွှတ်ဖွယ် တွေ့လိုက်ရတယ်။ ဒါကိုလည်း တကမ္ဘာလုံးက အကဲဖြတ်ခွင့်ရခဲ့ကြတယ်။ လူထုကို တကယ်ရှေ့ဆောင် အနာခံရပ်တဲ့ လူတွေက ဗွီဒီယိုကင်မရာကို မကြောက်ဘူး၊ သတင်းဌာနတွေကို မကြောက်ဘူး။ လမ်းဘေးက ရပ်ကြည့်နေတဲ့ ပရိသတ်ကို မကြောက်တတ်ဘူး။ မသမာသူတွေ အတင်းဝင် ရိုက်နှက်မှာကို မမှုဘူး၊ ဖမ်းဆီးမှာကို ဂရုမထားဘူး။ သူတို့ရဲ့ ပိုင်းဖြတ်ထားမှု၊ ထုသားပေသားရနေတဲ့ လူထုတိုက်ပွဲအတွေ့အကြုံတွေကို သူတို့ မျက်နှာတွေ ခြေလှမ်းတွေမှာ အထင်းသား တွေ့နေရတယ်။

သရက်ထောင်ထဲမှာတုန်းက ထောင်ဝန်ထမ်းတွေ၊ တန်းစီးတွေရဲ့ ရက်ရက်စက်စက် ရိုက်နှက်ထုထောင်းတာကို အနည်းဆုံး နှစ်ကြိမ်လောက် ခံခဲ့ရဖူးတဲ့ ကိုသန်းနိုင်ကို ဒေါ်နော်အုန်းလှရဲ့ ဘေးမှာ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နဲ့ လမ်းလျှောက် သွားနေခဲ့တာ တီဗွီဖန်သားပြင်ကနေ ထင်ထင်ရှားရှား တွေ့နေရပြန်တယ်။ ထောင်ထဲက အာဏာပါးကွက်သားတွေရဲ့ အထုအထောင်းနဲ့ ရက်ရှည်တိုက်ပိတ် ဒဏ်တွေကြောင့် အရွယ်နဲ့ မမျှအောင်ဘဲ သူ့ခေါင်းတွေကတော့ ဖြူလို့ နေခဲ့ပါပြီ၊ ဒါပေမယ့် နောက်မှာ ချန်မနေခဲ့ဘူး။ ရှေ့ဆောင်ဖို့ လူထုတာပ်ဦးမှာ ရှိနေတုန်းပါလား။

အဲ့ဒီမတိုင်ခင်ညက ၈၈မျိုးဆက် လူထုခေါင်းဆောင်အစစ်တွေကို အချိန်မတော် ဖမ်းသွားကြတာ သူတို့အားလုံး သိပြီးသား၊ သတင်းစာမှာပါတဲ့ နအဖရဲ့ ဒရောသောပါး မတရား စွဲချက်နဲ့ဆို အနည်းဆုံး ထောင်ဒဏ် အနှစ် ၂၀ ကျနိုင်တယ်ဆိုတာ သူတို့ သဘောပေါက်ပြီးသား။ ဒီဆန္ဒပြပွဲကို ဆက်ဦးမဆောင်ဘဲ ရှောင်ဖို့တိမ်းဖို့ နောက်ဆုတ်ဖို့ အချိန်တွေ အများကြီး ရခဲ့ကြတာကလား။

ဒါပေမယ့် မနက်မိုးလင်းတော့ မနီလာသိန်းက ၅ လသားအရွယ် မွေးကင်းစ သမီးငယ်ကို တချက်၊ နှစ်ချက်လောက်တော့ နမ်းကောင်းနမ်းခဲ့လိမ့်မယ်။ မိဘတွေကို သမီးသွားရဦးမယ်လို့ ခပ်တိုတိုပဲ နှုတ်ဆက်ကောင်း နှုတ်ဆက်ခဲ့လိမ့်မယ်။ သူ့ပါရမီဖြည့်ဖက် ကိုဂျင်မီ လုပ်မယ့်အလုပ်၊ လျှောက်မယ့်လမ်း၊ ထမ်းမယ့်တာဝန်၊ လှူဒါန်းရမယ့်အလံတွေကို တွေဝေခြင်း အလျဉ်းမရှိ လုပ်ခဲ့ လှမ်းခဲ့ ထမ်းခဲ့ လှူဒါန်းခဲ့ပြီပဲ။

"ပြည်သူတွေရှေ့ကနေ မားမားမတ်မတ်ရပ်တည်ပြီး အကြောက်တရား ကင်းစွာနဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြနေခြင်းဖြစ်ပါတယ်။ ပြည်သူများဟာ ကျမတို့နဲ့အတူ ပူးပေါင်းပါဝင်ကြပါ။ ကိုယ့်အခွင့်အရေး ကိုယ် ရယူကြပါ။" **(မနီလာသိန်းရဲ့ ရဲရဲတောက် မိန့်ခွန်း ကောက်နှုတ်ချက်အချို့မှ)**

"လောင်စာဆီတွေဈေးတက်တာကို ဆန့်ကျင်တဲ့အနေနဲ့ ပြည်သူတွေကိုယ်စား ကျွန်တော်တို့တတွေ လမ်းလျှောက်ပေးနေတာပါ။ ဒါကြောင့်မို့ ကျွန်တော်တို့နဲ့အတူ ပူးပေါင်းပါဝင်ကြဖို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ပါတယ်။"**(ကိုအောင်နိုင်ရဲ့ ရဲရဲတောက် မိန့်ခွန်းများမှ ကောက်နှုတ်ချက် အချို့)**

အဲဒီလို လူထုရှေ့ဆောင်တွေက ရဲရဲတောက်အမှန်တွေကို ဖေါ်ထုတ်နေတဲ့အချိန်မှာ ကင်မရာထဲပါမှာ ကြောက်တဲ့လူတွေ၊ နိုင်ငံခြားမီဒီယာတွေက မေးတာကို စကားပြန်ပြောရမှာ ဖြေရမှာ ကြောက်တဲ့လူတွေကတော့ ယူနီဖေါင်းဝတ် တာဝန်ရှိတွေ၊ ဘယ်လို စွမ်းအားတွေ ရှိလို့ စွမ်းအားရှင် အမည်ခံထားလဲမသိတဲ့ အမှောင်ခေတ်ထဲက တန်းစီး၊ ဘာယာတွေ၊ ကြံ့ဖွံ့အမည်ခံ အနာဂတ် ဂိုကာပါတီဝင်လောင်းတွေပါပဲ။

"ဆဲလိုက်တာ မကြားဝံ့မနာသာဗျာ၊ ကျွန်တော်လဲ နှစ်ချက်ထိုးခံရတယ်။ ဟန်းဖုန်းခါးချိတ်ထားတယ်၊ လှိုင်မြို့နယ် ကြံ့ခိုင်ရေးအတွင်းရေးမှူးစိုးသန်းတဲ့" "ဝါးရင်းတုတ်တွေကို ဆိုင်တွေထဲ လိုက်ထည့်ထားတယ်တဲ့"

"ကား(၇)စီး တုတ်ဓါးတွေနဲ့ စောင့်နေကြတယ်တဲ့"

မီဒီယာပစ္စည်းတွေကိုကြောက်နေလိုက်ကြတာ၊ ကင်မရာတွေကိုလိုက်လုနေတယ်၊ ဖုန်းတွေကိုလိုက်သိမ်းနေကြတယ်၊ မီဒီယာကို မီဒီယာနဲ့တုန့်ပြန်ဆိုတာ ဒါများလား ကိုကျော်ဆန်းရယ်။

ကိုအံ့ဘွယ်ကျော်ကို ဖမ်းဆီးသွားကြပြီးလို့ ရဲအရာရှိကြီးတွေအပါအဝင် ယူနီဖေါင်းဝတ်အင်အား ၁၀ယောက်လောက်ကြားမှာ တဦးတည်း ကျန်နေရစ်ရှာတဲ့ အသက် ၇၀ ဝန်းကျင် မိခင်အိုကြီး ဒေါ်တင်တင်ဝင်းကတော့ မီဒီယာကိုမကြောက်ဘူး။ သူ့သားကို ဖမ်းသွားသူတွေ တအိမ်လုံးကို မွှေနှောက်ရှာဖွေနေချိန်မှာ တုန်လှုပ်ခြင်း အလျဉ်းမရှိ နော်ဝေအသံလွှင့်ဌာနနဲ့ ပြတ်ပြတ်သားသား အမေးအဖြေတွေ လုပ်နေနိုင်ခဲ့ပါတယ်၊

ဒီအချိန်မှာ ယောကျာ်းရင့်မကြီး ၁၀ ယောက်ဟာ အဖွားကြီးက မေးနေတာကို တုတ်တုတ်မှမလှုပ် ပြန်မဖြေရဲဘဲ ဖြစ်နေရှာတယ်၊ ကျနော် တွေးကြည့်တယ်။ ဒီလူတွေထဲမှာဖမ်းထားတဲ့ အကျဉ်းသားတယောက်ကို လူ့မမြင်ကွယ်ရာမှာ ဘယ်လိုနှိပ်စက်စစ်မေးရမယ်၊ ဘယ်လိုမပေါ်ပေါ် အောင်လုပ်ရမယ်ဆိုတာကို အရမ်းကျွမ်းတဲ့သူ ဘယ်နှစ်ယောက် ပါမလဲပေ့ါ၊ ခုလို လူမြင်သူမြင် ထဲကျတော့ ဉပဒေဘက်တော်သားဆိုသူတွေက ကိုယ်လုပ်နေတဲ့ အလုပ်ကို ကိုယ်မပြောရဲဘူးဖြစ်နေရှာပါတယ်။ အဲဒီမှာ နှလုံးရည်ရဲ့သဘောကို ကျနော်နားလည်လာတယ်၊ အမှန်ကိုယုံကြည်ခြင်း။ လိပ်ပြာလုံခြင်းကိစ္စတွေပေ့ါ၊

"မကြောက်နဲ့၊ မကြောက်ရင် ကျမတို့အခက်အခဲတွေဟာ အားလုံးလမ်းပွင့်သွားလိမ့်မယ်၊ ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီလိုချင်ရင် မမှန်တာကို မလုပ်ပါနဲ့တဲ့၊ အဲဒါဒီမိုကရေစီဝါဒရဲ့ အရင်းခံပါပဲတဲ့။ ဒါကြောင့် ပြည်သူလူထုကြီးကို ကျမတို့ပြောချင်ပါတယ်၊ ကိုယ့်မျက်စိရှေ့မှာ မတရားလုပ်နေတာကို လုံးဝလက်မခံပါနဲ့" **(မမီးမီးရဲ့ ရဲရဲတောက်မိန့်ခွန်းမှ ကောက်နှုတ်ချက်)**

ဩော် ... အမှန်လုပ်တဲ့လူ အလင်းထဲကလူနဲ့ ရာထူးနဲ့ ထမင်းအတွက်အသက်ရှင်တဲ့ လူ၊ ဒါတွေ ဘယ်လို ကွာလဲဆိုတာကို ပြဆိုခြင်းပါလား၊ ၁၉၉၀ ခုနှစ်၊ မေရွေးကောက်ပွဲအပြီး အနိုင်ရပါတီကို အာဏာလွှဲပေးဖို့ အင်းစိန်ထောင်ထဲမှာနိုင်ငံရေးအကျဉ်းသားတွေက နအဖကို ကြွေးကြော်သံတွေနဲ့ ဆန္ဒပြတောင်းဆို တိုက်ပွဲဝင်တဲ့အချိန်မှာ စစ်တပ်တွေလုံထိန်းတွေဝင်လာပြီး အတင်းဝင်ရောက် အကြမ်းဖက် ဖြိုခွင်းခဲ့ပါတယ်၊ အဲဒီတုန်းကလက်ထိပ်နောက်ပြန်ခတ် စစ်ဘိနပ်တွေနဲ့ တက်နင်းပြီး နေပူထဲမှာ နံပါတ်တုတ်စာ ကျွေးနေတာကို အရိပ်တခုအောက်မှာ ရေခဲစိမ်အအေး ပုလင်းတွေ တဖောင်းဖောင်းဖွင့်သောက်ပြီး ညွှန်ကြားနေခဲ့သူ ဗိုလ်မှူးလေးဟာ ခုတော့ ပြန်ကြားရေး ဝန်ကြီးတောင် ဖြစ်နေပါပေ့ါ၊ သူတို့ရဲ့ အဲဒီတုန်းက ထောင်အုပ်ချုပ်ရေးစနစ်နဲ့ တိုင်းပြည်ကို လက်ရှိ ဒီနေ့ အုပ်ချုပ်နေပုံတွေဟာ အတူတူပါပဲ၊ အမျိုးသားရေး ဦးဝင်းနိုင်က တိုင်းပြည်မှာ လူမိုက်တွေ တော်တော်များတယ်လို့ မှတ်ချက်ပေးတယ်၊ သူတို့လုပ်ရပ်တွေ ကြည့်တော့လည်း ယဉ်ကျေးမှုအဆင့်တွေ မြင့်လာပြီလို့ ပြောနိုင်မယ့် လုပ်ရပ်တွေ မတွေ့ဘူး၊

သမ္မတဦးစိန်လွင်ဟာ မဆုံးခင်မှာ တရားရိပ်သာတခုကို ဝင်တဲ့အခါ သူတရားထိုင်နေတဲ့ နေရာကနေ ယောဂီတွေက ဝေးဝေးသွားထိုင်လို့ ဆရာတော်တွေက သူ့ကို အဲဒီလို မကျဉ်ကြဖို့ တိုးတိုးတိတ်တိတ် ယောဂီတွေကို တရားပြရတယ်တဲ့၊ မြန်မာပြည်ထဲကို သံခြေကျဉ်းတွေ စသွင်းခဲ့တဲ့ ထောက်လှမ်းရေးဟောင်း ဦးဘိုနီလည်း ပြုတ်တော့မှ လက်ဘက်ရည်ဆိုင် သွားထိုင်တတ်လာတုန်း သူ့မြင်ရင် လူတွေက တခြားခုံ ပြောင်းထိုင်ကြတာ ကြုံရတယ်တဲ့၊ ဦးခင်ညွှန့်ကတော့ ဝတ်ဖြူစင်ကြယ်နဲ့ နေတယ်လို့ ကြားရပါတယ်။

အကြောက်တရားကင်း၊ ညီညွတ်ခြင်းတိုင်းပြည် ဖြစ်တည်ပါစေသတည်း။

ခွန်ဆိုင်း

# တလတွင်း သတင်းမှတ်စု

- “Killer Than Shwe သန်းရွှေ လူသတ်သမား”ဟု နောက်ပြန်ဖတ်သည့် ကြော်ငြာဂယက်ကြောင့် မဂ္ဂဇင်း၊ ဂျာနယ်များတွင် ကြော်ငြာစည်းမျဉ်းများ တင်းကျပ်ခဲ့သည့်အတွက် ကြော်ငြာအားကိုးနှင့်ရပ်တည်နေရသည့် မဂ္ဂဇင်း၊ ဂျာနယ်များ အခက်အခဲဖြစ်လာကြောင်း သိရသည်။ (DVB 010807)
- မကြာမီကျရောက်တော့မည့် (၁၉)နှစ်မြောက် ရှစ်လေးလုံးအကြို အခမ်းအနားတစ်ခုကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ သမာဆတ်တက္ကသိုလ် ထိုင်းလူမှုအဖွဲ့အစည်းများနှင့် မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားနေကြသည့် အဖွဲ့စုစုပေါင်း (၅)ဖွဲ့က ယနေ့ ဦးစီးကျင်းပခဲ့ကြောင်း သိရသည်။ (DVB 050807)
- ၁၉၇၄ ခု ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့် ရှစ်လေးလုံး လူထုအုံကြွမှုကြီး ပေါ်ပေါက်ခဲ့ရသည့်အတွက် အလားတူပေါက်ကွဲဖြေရှင်းရမှုမျိုး ထပ်မံမကြုံတွေ့ရစေရန် ယခုရေးဆွဲနေသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်တွင် တည်နေသည်ဟု ၈၈မျိုးဆက်ကျောင်းသားများက ယမန်နေ့တွင် ကြေညာချက်ထုတ်ပြန် သတိပေးလိုက်သည်။ (NEJ 060807)
- မြန်မာစစ်အစိုးရ၏ အတုအယောင်အမျိုးသားညီလာခံက ထွက်ပေါ်လာသည့် အခြေခံဥပဒေ လူထုထောက်ခံပွဲများအား ဆန့်ကျင်ကန့်ကွက်ရန်အတွက် ပြည်သူလူထုကို စည်းရုံးလှုံ့ဆော်သွားမည်ဖြစ်ကြောင်း ရွေးကောက်ခံ လွှတ်တော်အမတ် (၁၀၀)နီးပါးက သတိ ပေးပြောဆိုလိုက်သည်။ (Irrawaddy 060807)
- ၁၉၉၀ ခု၊ မေလရွေးကောက်ပွဲရလဒ်ကို ပစ်ပယ်ခြင်း၊ ပြည်သူတစ်ရပ်လုံး၏ဆန္ဒမပါဝင်သော မည်သည့်နိုင်ငံရေးအပြောင်းအလဲကိုမှ လက်ခံမည်မဟုတ်ဘဲ ပြတ်သားစွာဆန့်ကျင်သွားမည်ဟု ဗမာနိုင်ငံလုံးဆိုင်ကျောင်းသားများသမဂ္ဂများအဖွဲ့ချုပ် (နိုင်ငံခြားရေးကော်မီတီ)က သဘောထားထုတ်ပြန်လိုက်သည်။ (Yoma3 060807)
- ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Ban Ki Moon၏ မြန်မာပြည်ဆိုင်ရာ အထူးအကြံပေးအရာရှိ မစ္စတာ Ibrahim Gambari သည် အစိုးရထိပ်ပိုင်းတာဝန်ရှိသူများနှင့် တွေ့ဆုံရန်အတွက် စင်္ကာပူနိုင်ငံသို့ရောက်ရှိနေကြောင်း ကုလသမဂ္ဂရုံးမှ ယမန်နေ့တွင် သတင်းထုတ်ပြန်သည်။ (NEJ/ Irrawaddy 070807)
- ဇူလိုင်လအတွင်းက “ဝ”တပ်ဖွဲ့များကို ထိုင်းနယ်စပ်ဒေသများတွင် တပ်စွဲထားခြင်းများရုတ်သိမ်းရန် နအဖက ပြောဆိုခဲ့သော်လည်း “ဝ”တပ်ဖွဲ့များမှ ယခုတိုင်လက်မခံခြင်းကြောင့် နှစ်ဘက်အကြားတင်းမာမှုများဖြစ်နေသည့်အတွက် တိုက်ခိုက်မှုများဖြစ်လာမည်ဆိုသည့် တွက်ဆမှုများ ထွက်ပေါ်နေသည်။ (IRRAWADDY 070807)
- စစ်အာဏာရှင်စနစ် ဆုံးခန်းတိုင်ပျောက်ဆုံးသွားသည်အထိ ခေတ်အဆက်ဆက်နောင်တော်ကျောင်းသားများ၏ စိတ်ဓါတ်နှင့် သဘောဆန္ဒအတိုင်း တိုက်ပွဲဝင်သွားရန် ယနေ့ ပုသိမ်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ(ယာယီ)က ကြေညာချက်ထုတ်ပြန် တိုက်တွန်းလိုက်သည်။ (Yoma3 070807)
- ယနေ့ကျရောက်သည့် ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံ (၁၉)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ခြောက်ထပ်ကြီးဘုရားဝင်း အတွင်းရှိ သာသနာ့သိပ္ပံကျောင်းတိုက်တွင် ၈၈မျိုးဆက်ကျောင်းသားများက ဦးစီးကျင်းပခဲ့ပြီး ပရိသတ်(၁၅၀၀)ခန့် တက်ရောက်ခဲ့ ကြောင်း သိရသည်။ (NEJ/ DVB 080807)
- စစ်အစိုးရကဦးစီးကျင်းပနေသည့် အမျိုးသားညီလာခံသည် နောက်ဆုံးတွင် ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေးသို့ ဦးတည် သွားလိမ့်မည်ဟု မျှော်လင့်ကြောင်း မြန်မာပြည်ဆိုင်ရာအထူးအကြံပေးအရာရှိ မစ္စတာ Ibrahim Gambariက ယနေ့ ထိုင်းနိုင်ငံခြား ရေးဝန်ကြီးနှင့် တွေ့ဆုံအပြီး သတင်းထောက်များကို ပြောဆိုလိုက်သည်။ (DVB 080807)
- အမျိုးသားညီလာခံတွင် အဆိုပြုချက်အသစ်တင်ခဲ့သည့် KIO နှင့် နအဖနယ်မြေခံ တပ်များအကြား တင်းမာမှုများတိုးပွါးလာနေပြီး KIO ဌာနချုပ် လိုင်ဇာမြို့သို့ ပစ္စည်းအဝင်အထွက်များအား နအဖတပ်များက ပိတ်ပင်ထားလိုက်ပြီးဟု သိရသည်။ (DVB 080807)
- မြန်မာစစ်အစိုးရအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် အပါအဝင် ကုလသမဂ္ဂနှင့် လက်တွဲလုပ်ကိုင်သွားနိုင်ရန် အတတ်နိုင်ဆုံးအားပေးသွားမည်ဟု တရုတ်နှင့်ရုရှားနိုင်ငံမှ ကတိပေးလိုက်ကြောင်း မစ္စတာ Ibrahim Gambariက ယနေ့ ထိုင်းနိုင်ငံ ခြားရေးဝန်ကြီးနှင့် တွေ့ဆုံအပြီး သတင်းထောက်များကို ပြောဆိုလိုက်သည်။ (RFA 080807)
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို တောင်အာဖရိကနိုင်ငံ Cape Town တက္ကသိုလ်မှ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ချီးမြှင့်ရန် ရွေးချယ်လိုက်ကြောင်း ယနေ့ထုတ် Pretoria သတင်းတွင် ဖေါ်ပြထားသည်။ (DVB 090807)
- အမျိုးသားညီလာခံပြီးလျှင် လက်နက်မချသည့် အပစ်အခတ်ရပ်စဲရေးအဖွဲ့အားလုံးအား ချေမှုန်းမည်ဟု နအဖမှ တရုတ်သို့ ပြောဆိုခဲ့ကြောင်း သိရသည်။ (Kachin News Group/ VOB 090807)
- မြန်မာနိုင်ငံတွင် စစ်မှန်သည့်ဒီမိုကရေစီ မရမချင်း ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု ယနေ့ကျင်းပသည့် (၅၇)နှစ်မြောက် ကရင့်အာဇာ နည်နေ့အခမ်းအနားတွင် ကရင်အမျိုးသားအစည်းအရုံး KNU က ပြောဆိုလိုက်သည်။ (DVB 120807)
- နအဖစစ်အာဏာရှင်များ၏ လယ်ကျွန်၊ မြေကျွန် ဘဝမှ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ကြရန် ယနေ့ကျရောက်သည့် နှစ်(၄၀)မြောက် ရခိုင်ပြည်ဆန်ပြသနာနေ့တွင် ရခိုင်ပြည်အမျိုးသားကောင်စီ ANC က ရခိုင်လူထုကို ကြေညာချက်ထုတ်ပြန် တိုက်တွန်းလိုက်သည်။ (NEJ 130807)
- ၂၀၀၇ ခုနှစ် လေ့လာချက်များအရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် မြေမြှုပ်မိုင်း အများဆုံးအသုံးပြုသည့်နိုင်ငံဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ မြေမြှုပ်မိုင်း အသုံးပြုမှု တားဆီးပိတ်ပင်ရေးအဖွဲ့ ICBL က ပြောကြားလိုက်သည်။ (RFA 140807)

- ယနေ့နံနက်(၉)နာရီခန့်တွင် ရန်ကုန်မြို့ ရွှေဂုံတိုင်၌ NLD ပါတီဝင်များနှင့် ပြည်သူများပါဝင်သည့် လမ်းလျှောက်ဆန္ဒပြသူ (၇၀)ခန့်နှင့် ဒဂုံမြို့သစ် တောင်ပိုင်း၌ ဆန္ဒပြသူ(၃၀)ခန့်တို့ကို ကြံ့ခိုင်ရေးနှင့် စွမ်းအားရှင်အဖွဲ့များက အကြမ်းဖက်နှိမ်နင်းကာ လူအချို့ကို ဖမ်းဆီးခေါ် ဆောင်သွားသည်ဟု ဆန္ဒပြသူများမှ ပြောသည်။ (NEJ/ DVB 230807)
- တစ်ကိုယ်တော်ဆန္ဒပြသူ ဦးအုန်းသန်းသည် ယနေ့နေ့လည်(၁)နာရီခန့်တွင် အမေရိကန်သံရုံးရှေ့၌ လောင်စာဆီကျဆင်းရေးနှင့် ဖမ်းဆီး ခံထားရသူ များအား လွှတ်ပေးရေးအတွက် ဆန္ဒပြပြီးခေတ္တအကြာတွင် ရဲများလာရောက်ဖမ်းဆီးပြီး မြို့တော်ခန်းမထဲသို့ ခေါ်ဆောင်သွားကြောင်း သိရသည်။ (NEJ/ DVB 230807)
- ယနေ့နံနက်တွင် မကွေးတိုင်း ရေနံချောင်းမြို့၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် အများစုပါဝင်သည့် လူ(၆၀)ကျော်မှ လောင်စာဆီဈေးနှုန်း လျှော့ချ ပေးရေးအတွက် ရှင်ဇေယျမာန်အောင် ကျမ်းကိုင်ဘုရားမှ မြို့မဈေးအထိ အသွားအပြန် တစ်နာရီကျော်အကြာ မြို့တွင်း စီတန်းလှည့်လည် ဆန္ဒပြခဲ့ ကြပြီး အာဏာပိုင်များ၏ အနှောက်အယှက်မခံရဘဲ ငြိမ်းချမ်းစွာပြီးစီးခဲ့ကြောင်း သိရသည်။ (NEJ/ DVB 230807)
- ဖမ်းဆီးခံထားရသည့် ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်များ၏ ကျန်းမာရေးနှင့် ၎င်းတို့အား မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ကို တရားဝင်ထုတ်ပြန်ပေးရန် သက်ဆိုင်ရာ အာဏာပိုင်များကို ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်က ယနေ့ တောင်းဆိုလိုက်သည်။ (DVB 230807)
- မြန်မာနိုင်ငံတွင် ဖြစ်ပွါးနေသည့် လူထုဆန္ဒပြပွဲအားထောက်ခံသည့်အနေဖြင့် စင်္ကာပူ၊ မလေးရှား၊ အင်္ဂလန်နှင့် အိန္ဒိယနိုင်ငံတို့တွင် ဆန္ဒပြပွဲများ ကျင်းပပြုလုပ်နေကြောင်း သိရသည်။ (DVB 230807)
- ယခုရက်ပိုင်း လူထုဆန္ဒပြလှုပ်ရှားမှုအတွင်း အမျိုးသမီးများကို အကြမ်းဖက်ဖမ်းဆီးသူများသည် ထမီများကျွတ်၊ အင်္ကျီများစုတ်ပြဲသည်အထိ ဖွဲ့ဖက် ပြီး ဖမ်းဆီးနေခြင်းအား ချက်ချင်းရပ်တန့်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအမျိုးသမီးအဖွဲ့က ယနေ့ တောင်းဆိုလိုက်သည်။ (DVB 230807)
- ယခုရက်ပိုင်းအတွင်း ဖမ်းဆီးထားသူများကို ချက်ချင်းပြန်လွှတ်ပေးရန်နှင့် လူထုဆန္ဒပြပွဲတွင်ပါဝင်သူများကို ရိုက်နှက်ထိုးကြိတ်ခြင်း၊ လူမဆန် ကြမ်းတမ်း ရိုင်းပြစွာပြုလုပ်မှုများကို ချက်ချင်းရပ်တန့်ရန် ယနေ့ထုတ်ပြန်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်ဖြင့် တောင်းဆိုလိုက်သည်။ (DVB 230807)
- ယနေ့ သာသနာ့တက္ကသိုလ်မှ သံဃာအပါး(၂၀၀) ဒုတိနေ့အဖြစ် ကမ္ဘာအေးဘုရားလမ်းမပေါ်တွင် ဆန္ဒပြခဲ့ကြောင်းနှင့် သာသနာ့တက္ကသိုလ်မှ သံဃာများ၏လိုလားချက်များကို နအဖအစိုးရက မလိုက်လျှောပါက တစ်ပြည်လုံးရှိ သံဃာများပါဝင်ဆန္ဒပြရန် ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာ နိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂများအဖွဲ့ချုပ် နာယက ဆရာတော်တစ်ပါးက မိန့်ကြားလိုက်ကြောင်း သိရသည်။ (RFA 230807)
- (၃)ရက်ဆက်တိုက် ဖြစ်ပွါးနေသည့် ဆန္ဒပြပွဲများကို ယနေ့ ဩဂုတ်လ(၂၄)ရက်နေ့မှစ၍ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ကြီးအပါအဝင် နိုင်ငံအနှံ့မှ မြို့ကြီးများတွင် ဆက်တိုက်လုပ်သွားမည်ဖြစ်ပြီး ဒီမိုကရေစီလိုလားသူတိုင်း ယခုဆန္ဒပြပွဲများတွင် ပူးပေါင်းပါဝင်ကြရန် ၈၈မျိုးဆက်ကျောင်း သားခေါင်းဆောင်များက ပြောဆိုတိုက်တွန်းလိုက်သည်။ (DVB 240807)
- မြန်မာနိုင်ငံတွင် ယခုရက်ပိုင်းများအတွင်း ဖြစ်ပွားလာသည့် ဆန္ဒပြမှုများကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အနီးကပ်စောင့်ကြည့်နေပြီး၊ ဆန္ဒပြမှု များအတွက် စစ်အစိုးရဖက်က ထိန်းထိန်းသိမ်းသိမ်းတုံ့ပြန်ရန်နှင့် မည်သည့်အဖွဲ့အစည်းကမှ ရန်စခြင်းမျိုး မလုပ်စေရန် ထိန်းပေးရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Ban Ki-moon က တောင်းဆိုလိုက်ကြောင်း သိရသည်။ (DVB/ NEJ 240807)
- နအဖစစ်အစိုးရသည် နိုင်ငံရေးလှုပ်ရှားသူ (၁၀၀)ကျော်ကို ယခုလ(၂၁)ရက်နေ့မှ (၂၅)ရက်နေ့အကြား ဖမ်းဆီးခဲ့သည်ဟု ထိုင်းနိုင်ငံ အခြေစိုက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း AAPP က ယနေ့ ကြေငြာချက်ဖြင့် ပြောဆိုလိုက်သည်။ (Irrawaddy 270807)
- နိုင်ငံတကာသတင်းစာဆရာများအဖွဲ့ ICFJ က ၂၀၀၇ ခုနှစ်အတွက် (2007 Knight International Journalism Award Winners) ဆုကို မြန်မာနိုင်ငံမှ စာရေးဆရာမ မေသကြိန်ဟိန်အား ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ (Irrawaddy 270807)
- ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများမှသည် ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံ ကာလများအထိ ခေတ်အဆက်ဆက် သမိုင်းအစဉ်အလာ ကြီးမားခဲ့သည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်(ဗကသ)ကို လက်ရှိပညာသင်ကြားနေသည့် တက္ကသိုလ်ကျောင်းသားများဖြင့် စုစည်းပြီး အသစ်ပြန်လည်ဖွဲ့စည်းကြောင်း သိရသည်။ (Irrawaddy 280807)
- ယနေ့မွန်းလွဲပိုင်း (၁)နာရီ (၁၅)မိနစ်ခန့်တွင် ကမာရွတ်မြို့နယ် လှည်းတန်း၌ မစုစုနွေးပါဝင်သည့် ဆန္ဒပြပွဲဖြစ်ပွါးခဲ့ပြီး အနည်းဆုံး လူ(၈)ဦးခန့် ဖမ်း ဆီးခံခဲ့ရကြောင်း သိရသည်။ (NEJ 280807)
- ပြည်တွင်းရှိ တက္ကသိုလ်ကျောင်းသားများနှင့် လူငယ်များပါဝင်ဖွဲ့စည်းထားသည့် မျိုးချစ်လူငယ်တပ်ဦးက ယနေ့ သဘောထား ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်ကြောင်း သိရသည်။ (NEJ 280807)
- အမေရိကန်ဟောလိဝုဒ် ဟာသသရုပ်ဆောင် ဂျင်မ်ကာရေးသည် မြန်မာစစ်အစိုးရက နေအိမ်အကျယ်ချုပ်ချထားသော မြန်မာ့ဒီမိုကရေစီခေါင်း ဆောင် ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရေးအတွက် အမေရိကန်လူထုကပါဝင် ဆောင်ရွက်ကြရန် အင်္ဂါနေ့က ဗွီဒီယို ကြေညာချက်တစ်ခုတွင် တိုက်တွန်းပြောကြားလိုက်သည်။ (Irrawaddy/ NEJ 290807)

**(NDD) သုတေသနနှင့် မှတ်တမ်းတင်ဌာန၏ တလအတွင်းမြန်မာ့သတင်း – ၂၀၀၇ ခုနှစ်၊ ဩဂုတ်လမှ ထုတ်နှုတ်ဖော်ပြသည်။**

■ ■ ■ ■